ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 June 2022 ၁၀၇၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**
**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်**
**၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်**

၁။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ ယခု ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးမိန့်ခွန်းတစ်ရပ်ပြောကြား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥက္ကဋ္ဌ/ခေါင်းဆောင်ဦးစီး အဖွဲ့ဝင် ၂ ဦးဖြင့် ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

# စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန်အတွက် သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်

## ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီစားသုံးမှုချေ့တာခြင်းနှင့် ထုတ်လုပ်မှုတိုးမြင့်အောင် ဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများကို ကြည့်ရှုကြစဉ်။

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# ငြိမ်းချမ်းသည့်ပြည်ထောင်စု အားလုံးပါဝင်တည်ဆောက်

၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်သည်။ ငြိမ်းချမ်းရေးနှစ်တွင် ထာဝရငြိမ်းချမ်းရေး အလှမ်းနီးရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တစ်ခုပြီးတစ်ခုပြုလုပ်လျက်ရှိသည်။ တရားတော်တွင် "သမဂ္ဂါနံ တပေါ သုခေါ" ဟူသည့် ညီညွတ်သောသူတို့၏ အကျိုးဆောင်မှုများသည် ကောင်းကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ဆိုထားသည်။

ယခုအခါ ငြိမ်းချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် ကောင်းကျိုးဆောင်ကြဉ်းနေကြသည်။ တစ်ဦးအလိုဆန္ဒကို တစ်ဦးဖြည့်ဆည်းပေးပြီး အများအကျိုးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးရလဒ်များ ရရှိလာလိမ့်မည်ဟု ယုံကြည်ပါသည်။ ညီညွတ်ခြင်းသည် အောင်မြင်ခြင်းဖြစ်သည်။ မညီညွတ်၍ အကွဲကွဲအပြဲပြဲဖြစ်ခဲ့ကြသည်များကိုလည်း သင်ခန်းစာရရှိကြပြီးဖြစ်သည်။ ညီညွတ်ခြင်းသည် အားလုံးစိတ်နှလုံး ဝမ်းမြောက်ချမ်းသာခြင်းသာဖြစ်စေသည်။ မြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ ပေါင်းစုနေထိုင်ကြ၍ ညီညွတ်စေရန် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်အကျိုးအတွက်၊ တိုင်းရင်းသားပြည်သူများ အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားထားသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း တိုက်ရိုက်ထိတွေ့၍ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာနေကြပြီဖြစ်သည်။ ဤအရေးသည် တစ်တိုင်းပြည်လုံးအရေးဖြစ်၍ အားလုံးလက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးကို အဖြေရှာဆွေးနွေးရာတွင် မိမိတို့လိုလားချက်များကိုသာ ရှေးရှု၍ ဆွေးနွေးအဖြေရှာပါက ငြိမ်းချမ်းရေးပန်းတိုင်နှင့် အလှမ်းမနီးဘဲ ဝေးခဲ့ရသည်ကို မြန်မာ့သမိုင်းတစ်လျှောက် ငြိမ်းချမ်းရေးဖြစ်စဉ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ ယခုပြုလုပ်လျက်ရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းပြည်၏ ပကတိအနေအထား လိုအပ်ချက်များနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များနှင့် အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များကို အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းအဖြေရှာနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူအားလုံးဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် တိုင်းရင်းသားများ မကျန်ရစ်စေဘဲ အားလုံးပါဝင်ကြရန်လိုအပ်သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ ညှိနှိုင်းဖြေရှင်းအဖြေရှာဆောင်ရွက်ရမည်ဖြစ်သည်။ ယခုပြုလုပ်လျက်ရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များပါ ပါဝင်ဆွေးနွေးနေကြပြီဖြစ်သည်။

ကျန်ရှိသော NCA တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ တိုင်းရင်းသားပြည်သူများအားလုံး၏အကျိုး၊ မိမိတို့ဒေသအကျိုးများကို စေ့ငုသေချာရှုမြင်ပြီး ငြိမ်းချမ်းရေးတွင် ပါဝင်လိုသည့် စိတ်ဆန္ဒများရှိပါက ပါဝင်လာနိုင်ရေးအတွက် နိုင်ငံတော်က ငြိမ်းချမ်းရေးတံခါးကို ယခင်အတိုင်း ဖွင့်လှစ်ပေးထားသည်။ ယခုအခါ ပြည်ထောင်စုအကျိုး၊ မိမိဒေသအကျိုးကို ပါဝင်လက်တွဲဆောင်ရွက်လိုသည့် တိုင်းရင်းသားအဖွဲ့များသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် လာရောက်ဆွေးနွေးညှိနှိုင်းအဖြေရှာနေကြပြီဖြစ်ရာ ငြိမ်းချမ်းရေးခရီးတွင် အားလုံးပါဝင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးတွင် ပါဝင်ဆွေးနွေး အဖြေရှာခြင်းသည် မင်္ဂလာတရားတော်နှင့်ညီသည့် ကောင်းသောအကျိုးဆောင်ကြဉ်းစေခြင်းဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် ပြည်ထောင်စုအကျိုး၊ မိမိတို့ဒေသအကျိုးကို ရှေးရှု၍ တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုတည်ဆောက်ရေးတွင် အားလုံးပါဝင်လက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးညွန့်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာ မျိုးမျိုး | ပါမောက္ခချုပ်<br>ရွှေဘိုတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

## အစိုးရဓမ္မာစရိယ အောင်စာရင်းနှင့် ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ပေးမည်

နေပြည်တော် ဇွန် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄ (၂၀၂၂) ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက် ( ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်) ကြာသပတေးနေ့ နံနက် ၆ နာရီတွင် လည်းကောင်း၊ ၁၃၈၄ (၂၀၂၂) ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို ၁၃၈၄ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက် ( ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်) သောကြာနေ့ နံနက် ၆ နာရီတွင် လည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အင်းတော်မြို့နယ်၌ မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန် လျာထား

အင်းတော် ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ်မိုးစပါးဧက ၅၅၉၈၀၊ ဆီထွက်သီးနှံ ၂၈၂ ဧက၊ စက်မှုသီးနှံ ၁၉၈ ဧက၊ မိုးနှမ်းဧက ၁၂၀၊ မိုးမြေပဲဧက ၁၂၀၊ မိုးအစေ့ထုတ်ပြောင်း ၆၁ ဧကနှင့် အခြားသီးနှံ ဧက ၈၃၃၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်းရှိလယ်ယာမြေများတွင် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်မြောင်းပိတ်နှင့် မြစ်ချောင်းရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောသည်။

အေးမြသက်ထား ■

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၃၈ | ၂၈၈,၄၀၀ |
| MTSH | ၂,၇၀၀ | ၂,၆၅၀ | ၁,၁၀၅ | ၂,၉၃၃,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၂၉ | ၅၀၇,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၃၅.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၄.၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၉၃၃ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၈.၃၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၀၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၂.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၁.၃ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၈.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၈၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အထွက်နှုန်းကောင်းမွန်ရန်အတွက် မြေဩဇာများ ပြည့်ဝစွာရရှိရန် လိုအပ်သဖြင့် မြေဩဇာများဝယ်ယူရရှိရေးနှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားစဉ်။

☆ ရွှေဖုံးမှ

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးတို့က သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ စပါး၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲပုပ်၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ အစေ့ထုတ် စပ်မျိုးပြောင်း၊ ဆပ်သီးနှံ၊ နှံစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံနှင့် ခရမ်းချဉ်စသည့် စိုက်ပျိုးရေးသီးနှံများအလိုက် မျိုးသန့်ပွားများခြင်းနှင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သီးနှံမျိုးစေ့များ ဖြန့်ဝေပေးနိုင်မှုအခြေအနေ၊ နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများနှင့် စက်မှုသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး သုတေသနပြု ဆောင်ရွက်နေမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး သီးနှံအလိုက်၊ ဒေသအလိုက် သင့်လျော်သောစိုက်နည်းစနစ်များ ဖော်ထုတ်ခြင်း သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အပင်အာဟာရ ပြည့်ဝစွာရရှိရေး ဇီဝမြေဩဇာများ၊ ဓာတ်မြေဩဇာများအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနပြု ဆောင်ရွက်နေမှု၊ ပိုးမွှား/ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သီးနှံပုံစံဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အပင်ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည့် အခြေအနေနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စားသုံးဆီများ ထုတ်လုပ်နေမှုနှင့် ပြည်တွင်းသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

## သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီး

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **သုတေသနလုပ်ငန်း(Research and Development)သည် နိုင်ငံတစ်ခုအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်**ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများတွင် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ကြသကဲ့သို့ မိမိတို့နိုင်ငံအတွက်လည်း အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဂျီဒီပီသည် စိုက်ပျိုးရေးလုပ်ငန်းမှ များစွာအထောက်အကူပြုကြောင်း၊ **စိုက်ပျိုးရေးထုတ်ကုန်များအထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန် လိုအပ်**ကြောင်း၊ ထို့ကြောင့် **သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ကြရခြင်းဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေဩဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အဆိုပါအချက်များအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားသွားခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်းပြနေသဖြင့် အရေးကြီးကြောင်း။

အန္နနှင့်ပတ်သက်၍ စပါး၊ လူး၊ ဆပ် တို့ရှိရာတွင် စပါးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးမျိုးပေါင်းများစွာရှိပြီး ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ပင်လယ်ရေငန်ဒဏ်ခံနိုင်သည့်၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြု ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် မျိုးများလည်းဖြစ်ရန်လိုကြောင်း၊ အော်ဂဲနစ်နည်းပညာများဖြင့် သီးနှံများစိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း။

အထွက်နှုန်းကောင်းမွန်ရန်အတွက် မြေဩဇာများ ပြည့်ဝစွာရရှိရန် လိုအပ်သဖြင့် မြေဩဇာများဝယ်ယူရရှိရေးနှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန်အကျိုးပြုလျက်ရှိ**ကြောင်း၊ **စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန် အစားအစာများပြုလုပ်၍ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးချ၍ရ**ကြောင်း၊ မြေဩဇာများ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## ရေကိုစနစ်တကျဖြင့် အသုံးချရန်လို

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အချို့သည် ရေများကို အဟောသိကံ အသုံးပြုလျက်ရှိကြောင်း၊ ရေကိုစနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ အချို့နေရာများတွင် ရေလုံလောက်စွာမရရှိသဖြင့် စိုက်ပျိုးမှုမဖြစ်ထွန်းသည့် နေရာများရှိသဖြင့် ရေပေးဝေရေးစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အချို့နိုင်ငံများတွင် ရေရှားပါးသော်လည်း ရေအစက်ချစနစ်များကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ရေနှင့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေး သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်နည်းစနစ်များ ကောင်းမွန်မှသာ အထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ စပါးများစိုက်ပျိုးရာတွင် ကောက်ကွက်များပြည့်မီရန်လိုအပ်ကြောင်း၊ **မိမိတို့နိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိ**ကြောင်း၊ **အဆိုပါမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကိုသီးထပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက စပါးထွက်ရှိမှုများ ပိုမိုတိုးတက်လာမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာရှင်များ လိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ **စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများတွင် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ကြသကဲ့သို့ မိမိတို့နိုင်ငံအတွက်လည်း အရေးကြီး လိုအပ်ချက်ဖြစ်**

☆ **ပင်လယ်ရေငန်ဒဏ်ခံနိုင်သည့်၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုဆောင်ရွက်နေရမည်**

☆ **မိမိတို့နိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိ**

☆ စာမျက်နှာ ၃ မှ

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့ကို အဓိကစားသုံးကြကြောင်း၊ ၎င်းတို့အတွက် မွေးမြူရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ကြက်မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်ချက်များ များစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ လှောင်မွေးသည့်စနစ်၊ လွှတ်မွေးသည့်စနစ်နှင့် လှန်မွေးသည့်စနစ် သုံးမျိုးရှိပြီး လှောင်မွေးသည့် စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ တိရစ္ဆာန်များကို အစာပြည့်ဝစွာကျွေးမွေးပြီး စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ **အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွေးမြူရေးပညာရှင်များနှင့် မွေးမြူရန်လိုကြောင်း၊** ထို့ကြောင့် **မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊** အိမ်နီးချင်းနိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် တက္ကသိုလ်များ၊ ကောလိပ်များသည် မိမိတို့နိုင်ငံထက်များပြားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုသာရှိပါကြောင်း၊ စိုက်ပျိုးရေးပညာရှင်များ များစွာမွေးထုတ်ပေးရန် လိုနေသေးကြောင်း၊ **စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိမည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ခရိုင်များတိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထူးချွန်သူများကိုလည်း အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ဆီစားသုံးမှုများ များပြားနေ

ဆီဖူလုံရေးနှင့်ပတ်သက်၍ စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရမှုများရှိကြောင်း၊ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီစားသုံးမှု ချွေတာခြင်းနှင့် ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ လူတစ်ဦးချင်း တစ်ရက် ဆီစားသုံးမှုအနေဖြင့် ၂ ဒသမ ၂၅ ကျပ်သားရှိပြီး တစ်နိုင်ငံလုံး တစ်နှစ်လျှင် ဆီတန်ချိန်လိုအပ်မှုမှာ တန်ချိန်ခြောက်သိန်းမှ ခုနစ်သိန်းခန့်ဖြစ်သော်လည်း ပြည်တွင်းဆီထုတ်လုပ်မှုမပါ နှစ်စဉ်ပြည်ပမှ ဆီတန်ချိန် ရှစ်သိန်းမှ ကိုးသိန်းအထိ တင်သွင်းနေရသဖြင့် ဆီစားသုံးမှုများ များပြားနေသည်ကို တွေ့ရှိရကြောင်း။

ဆီထွက်သီးနှံဖြစ်သည့် ပဲပုပ်များ စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပဲပုပ်စိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီ ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သကဲ့သို့ တိရစ္ဆာန်အစာအတွက် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ နေကြာစိုက်ပျိုးမှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့်နှမ်းတို့ကို အခြားနည်းများဖြင့် စားသုံးမှုများရှိသဖြင့် အခြားဆီထွက်သီးနှံများကို ဦးစားပေး စိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် နှမ်းနှင့်ပဲပုပ်များသည် ပြည်ပသို့တင်ပို့နိုင်ကြောင်း၊ စပါးမျိုးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံရှိ ကောင်းမွန်ပြီးဖြစ်သည့် ပေါ်ဆန်းမွှေးကဲ့သို့သော စပါးမျိုးကောင်းများကို ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူ ကောက်ညှင်းသည်လည်း မိမိတို့နိုင်ငံတွင်သာမက တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း စားသုံးမှုများပြားကြောင်း၊ ထို့ကြောင့် ကောက်ညှင်းစိုက်ပျိုးမှုတိုးတက်စေရေး သုတေသနပြုဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအတွက် အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်စေလို**ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဝန်ထမ်းများကို သုတေသနအောင်မြင်မှုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပြခန်းများကို ကြည့်ရှုကြစဉ်။

### ပြောင်းရွှေ့ဖွင့်လှစ်

အဆိုပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းတွင် လယ်ယာစိုက်ပျိုးခြင်း သုတေသနဗိမာန်အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်းခဲ့ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သုတေသနဗဟိုဌာန ခုနစ်ခု၊ သုတေသနခြံ/စခန်း ၂၂ ခု ဖွင့်လှစ်ထား၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၅၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သီးနှံမျိုးစုံ ၂၅၃ မျိုးကို ထုတ်ဝေပေးနိုင်ခဲ့ပြီး ယခု ၂၀၂၀ – ၂၀၂၁ နှင့် ၂၀၂၁–၂၀၂၂ ခုနှစ်ကာလအတွင်း သီးနှံမျိုးစုံ ၃၇ မျိုး သုတေသနပြုထုတ်လုပ်နိုင်ခဲ့ပြီး ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ မျိုးစေ့ဘဏ်ကို ၁၉၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ သဘာဝအပင်မျိုးဗီဇများကို စနစ်တကျထိန်းသိမ်းပြီး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပင်မျိုးဗီဇ အရင်းအမြစ်များကို ရေရှည်တည်တံ့အောင် စနစ်တကျ အသုံးချဆောင်ရွက်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် စပါး၊ စပါးရိုင်း၊ ပဲမျိုးစုံသီးနှံများ၊ နှံစားသီးနှံများ၊ ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများ အပင်မျိုးဗီဇ စုစုပေါင်း ၁၂၈၃၈ မျိုးကို ထိန်းသိမ်းထားရှိပြီး စတင်ဖွင့်လှစ်ချိန်မှ ယနေ့အချိန်အထိ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများသို့ သီးနှံဗီဇအရင်းအမြစ် စုစုပေါင်း ၂၄၇၇၇ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ မွေးမြူရေးလုပ်ငန်းများ၌ လှောင်မွေးသည့်စနစ်၊ လွှတ်မွေးသည့်စနစ်နှင့် လှန်မွေးသည့်စနစ် သုံးမျိုးရှိပြီး လှောင်မွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်**

**☆ ပြည်တွင်း ပဲပုပ်စိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်သကဲ့သို့ တိရစ္ဆာန်အစာအတွက် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်**

**☆ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာ အကျိုးရှိမည်**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀–၁၂–၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀–၁၂–၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | – | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | – | antiillegaltradeoffice@gmail.com |

○ ငြိမ်းချမ်းရေးမှ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့တို့က ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ကြသည်။

၃။ ယခုအချိန်အထိ ငြိမ်းချမ်းရေးလာရောက်ဆွေးနွေးမည့်အဖွဲ့ ၁၀ ဖွဲ့အနက် အဖွဲ့ ၆ ဖွဲ့မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဒေသတစ်ခုချင်းမှအစပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး စုပေါင်းနေထိုင်လျက်ရှိသည့် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့်၊ ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။

၄။ ဆက်လက်၍ တွေ့ဆုံဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့ ၄ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဦးတည်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မြဲစွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ်အကျေအလည် ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။ တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အသီးသီးမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားအဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးစေလိုကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုသားအားလုံး၏အကျိုးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော် အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်းသို့ သွားရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တည်ဆောက်ဆဲ ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့အား စက်ရုံစီမံကိန်း အစည်းအဝေးခန်းမ၌ စီမံကိန်းတာဝန်ခံ ဦးအောင်ကိုလတ်နှင့် ဒုတိယမန်နေဂျာ ဦးမင်းသွင်ခန့်တို့က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး စက်ရုံလုပ်ငန်း စတင်လည်ပတ်ပါက ၁၃၅ MW ဓာတ်အား ထွက်ရှိမည်ဖြစ်ပြီး တစ်ယူနစ်လျှင် ၈ ဒသမ ၅၉ ဆင့်နှုန်းဖြင့် ဖြန့်ချိနိုင်မည်ဖြစ်၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်း တည်ဆောက်နေမှုများကို ကြည့်ရှုစဉ်။

ဒေသအတွက် များစွာအကျိုးရှိနိုင်မည့် အခြေအနေများ၊ စက်ရုံစီမံကိန်း အကောင်အထည်ဖော်မှုနှင့် စက်ရုံလည်ပတ်ချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးဆောင်ရွက်ရန် အခြေအနေ၊ စက်ရုံပတ်ဝန်းကျင် ဒေသခံပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် ပတ်သက်သော Corporate Social Responsibility(CSR) လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ၊ စီမံကိန်းဆောင်ရွက်မှုကို သတ်မှတ်စံချိန်စံနှုန်းများ ပြည့်မီစွာဖြင့် ရည်မှန်းကာလပြီးစီးရေး ဆောင်ရွက်ရန် အခြေအနေ၊ စီမံကိန်းအကောင်အထည်ဖော်မှု သတ်မှတ်ကာလအတွင်း စက်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လေ့လာလိုသည့် ပညာရှင်များရှိပါက လာရောက်လေ့လာနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်း တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်းစက်ရုံတွင် ဂျာမနီနိုင်ငံမှထုတ်လုပ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုမည့် စွမ်းအားအမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အသက်သာဆုံး SGT-800 Gas Turbine အနည်းငယ်ဖြင့် လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စက်ရုံလည်ပတ်စဉ်ကာလ ၂၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးလုပ်ငန်း(EPGE)မှ အင်ဂျင်နီယာများအား စက်ရုံတွင် ခေါ်ယူတာဝန်ပေး၍ စက်ရုံလည်ပတ်မှု ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာကျောင်းအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူပညာရေးဒီဂရီကောလိပ် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကျောင်းအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ကျောက်ဖြူတပ်နယ်၊ အမ်းတပ်နယ်၊ ဓညဝတီရေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် ကျောက်ဖြူတပ်နယ်၊ အမ်းတပ်နယ်နှင့် ဓညဝတီရေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမများနှင့် ရိပ်သာတို့တွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**အလေးထားဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏အနောက်ဘက်ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်ကို လုံခြုံအောင်ကာကွယ်စောင့်ရှောက်ရန် တာဝန်ထမ်းဆောင်နေသူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဓညဝတီရေတပ်စခန်းဌာနချုပ်ရှိ Aquaponic System ဖြင့် ငါးများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

များဖြစ်၍ တာဝန်ကြီးလေးမှုအပေါ် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေးအရာနှင့် နည်းပညာများအပေါ် မျက်ခြည်မပြတ် လေ့လာရန်နှင့် မိမိတို့နယ်မြေအပေါ် ခြိမ်းခြောက်နေသည့် အန္တရာယ်များအား သတိရှိစွာဖြင့် စောင့်ကြည့်နေရန်လိုကြောင်း၊ တပ်မတော်သည် အတွေ့အကြုံအရ တိုက်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခများကို မလိုလားသော်လည်း အရေးကြီးသော နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အသက်နှင့်ခန္ဓာကို စွန့်လွှတ်တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် တိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးကို ခံစားခဲ့ရပြီးဖြစ်၍ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း။

အရေးပေါ်ကာလအတွင်း ပြည်တွင်းအကြမ်းဖက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှု၊ ပြည်ပနိုင်ငံကြီးအချို့၏ နိုင်ငံရေးအရ ဖိအားပေးမှုများကို သစ္စာရှိဝန်ထမ်းများ၊ ပြည်သူများဖြင့် လက်တွဲကာ ကြံ့ကြံ့ခံ၍ ဖြတ်သန်းခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခက်အခဲ၊ ဘဏ်လုပ်ငန်းအခက်အခဲနှင့် စက်သုံးဆီ အပါအဝင် အကျပ်အတည်းအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ပြီး ဆက်လက်၍လည်း ပြည်သူ၏ အကြီးအကဲအနေဖြင့် ဖိတ်ကြားမှုအပေါ် တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးစသည့် အခြေခံ(၂)ချက်ဖြင့်ဦးတည်ဆွေးနွေးခဲ့ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာအာဏာခွဲဝေကျင့်သုံးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မများအနက်မှ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သော အချက်များ၊ ဇယား (၁/၂/၃/၅)ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကောင်းမွန်တိုးတက်ရန်မှာ တည်ငြိမ်မှုရှိရန် အရေးကြီးပြီး တည်ငြိမ်မှုရှိစေရန်မှာ ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထားပါကြောင်း။

ပြည်တွင်းပြည်ပ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအနေဖြင့် နိုင်ငံတော်ကို ဖျက်ဆီးရန် ကြိုးပမ်းမှု မအောင်မြင်၍ ဖွဲ့စည်းပုံအရ ခိုင်မာတောင့်တင်းသော တပ်မတော်ကို ဖြိုခွဲရန်ကြိုးစား

ပေါင်းစည်းအားဖြင့် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်

လာကြောင်း၊ မီဒီယာမျိုးစုံမှ ဝါဒဖြန့်၍ အထက်အောက် ဆက်ဆံရေးပြိုကွဲစေပြီး တပ်တွင်းစည်းလုံးညီညွတ်ရေးပြိုကွဲရန် သွေးခွဲမှုများ ပြုလုပ်လာသည်ကို သတိပြုရန်လိုကြောင်း။

လုပ်ငန်းတာဝန်နှင့် ကွပ်ကဲမှုစနစ်အရ ရာထူးအဆင့်များ ခန့်အပ်တာဝန်ပေးထားကာ တူညီသော ယူနီဖောင်းဝတ်ထားပြီး တူညီသောလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်၍ ရဲဘော်ရဲဘက်စိတ်ဖြင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လုပ်ကိုင်ကြရန်လိုကြောင်း၊ အထက်အောက် ထိတွေ့ဆက်ဆံမှုတွင် တာဝန်ရှိသူများအနေဖြင့် အလွတ်သဘော ထိတွေ့ဆက်ဆံမှုများရှိသကဲ့သို့ တစ်ဦးချင်းအလိုက် အလွတ်သဘောရင်းနှီးစွာတွေ့ဆုံ၍ အခက်အခဲအပေါ် ပွင့်လင်းစွာ တင်ပြခွင့်ရရှိစေပြီး တင်ပြချက်အပေါ် အရေးတယူ ဖြေရှင်းပေးခြင်းများ ပြုလုပ်ရန် လိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် Fatherly Spirit နှင့် Commonder Spirit ကို အချိန်နေရာနှင့် လုပ်ငန်းတာဝန်အလိုက် ပိုင်းခြား၍ မှန်မှန်ကန်ကန် ဆက်ဆံအုပ်ချုပ်သွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် တပ်နယ်များအလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဓညဝတီရေတပ်စခန်းဌာနချုပ်ရှိ Aquaponic System ဖြင့် ငါးများ မွေးမြူထားရှိမှု၊ ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက် မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်း အိမ်ထောင်သည်လိုင်းခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရဲမေများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာနှင့်ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

✪ ကျောဖုံးမှ

ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် စကြာမုနိသွန်းစက်တော်ဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးထွန်းညှိပူဇော်ပြီး လှည့်လည်ဖူးမြော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**ပေးအပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လောကာနန္ဒာစေတီတော်မြတ်ကြီးတွင် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုးသည် ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များလိုက်ပါ၍ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) သို့ ဇွန် ၁၄ ရက် နံနက် ၁၁နာရီခွဲတွင် ရောက်ရှိရာ




သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဥတ္တရဆောင်တွင် ပညာသင်ကြားလျက်ရှိသော ပထမနှစ်သင်တန်းနှင့် စတုတ္ထနှစ်သင်တန်းများမှ ကျောင်းသားကျောင်းသူများအား စာသင်ခန်းအလိုက် လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘက်စုံသုံးခန်းမသို့ရောက်ရှိပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက တက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်နှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ကျောင်းသား ကျောင်းသူ တက်ရောက်မှုအခြေအနေ၊ ပေးအပ်ချီးမြှင့်လျက်ရှိသည့် ဘွဲ့သင်တန်းအမျိုးအစားနှင့် အထူးပြုဘာသာရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအခြေအနေ၊ အရည်အသွေးအာမခံမှုစနစ် (QAS) ဆောင်ရွက်မှုအခြေအနေ၊ သုတေသနစာတမ်းများ ပြုစုဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ သင်တန်းများဖွင့်လှစ်ပို့ချနေမှုအခြေအနေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဇွန် ၁၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ



# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း စစ်တွေလေဆိပ်၊ ကျောက်ဖြူလေဆိပ်နှင့် အမ်းလေဆိပ်တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် စစ်တွေလေဆိပ်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျောက်ဖြူလေဆိပ်နှင့် အမ်းလေဆိပ်သို့လည်းကောင်း ရောက်ရှိရာ သက်ဆိုင်ရာလေဆိပ်တာဝန်ခံများက လေဆိပ်အဆောက်အအုံအတွင်းရှိ ခရီးသည်များ ရောက်ရှိ/ ထွက်ခွာ ခန်းမဆောင်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်ကောင်တာများ နေရာချထားမှု၊ CCTV များ တပ်ဆင်ထားရှိမှု၊ လေကြောင်းလိုင်းကောင်တာများထားရှိမှု၊ လေဆိပ်မီးသတ်ဌာနနှင့် လေကြောင်းထိန်းမျှော်စင်ပေါ်ရှိ ဆက်သွယ်ရေးပစ္စည်းများအခြေအနေနှင့်လေကြောင်းမိုးလေဝသဆိုင်ရာ စက်ကိရိယာများထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန်၊ CCTV ကင်မရာများ အစဉ်ကောင်းမွန်မှုရှိနေစေရန်၊ ခရီးသွားပြည်သူများ အသုံးပြုသည့်ရေအိမ်များ အစဉ်သန့်ရှင်းမှုရှိနေစေရန်၊ လေကြောင်းထိန်းမျှော်စင်တွင် တပ်ဆင်ထားသည့် ဆက်သွယ်ရေးကိရိယာများ၊ လေယာဉ် တက်/ဆင်းပြုလုပ်ရာတွင် အထောက်အကူပြုသည့် ရာသီဥတုသတင်းအချက်အလက်များ ရရှိနိုင်သည့် စက်ကိရိယာများ အစဉ်ကောင်းမွန်နေစေရန်နှင့် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းမှုရှိပြီး လုံခြုံစိတ်ချစွာ ပျံသန်းတက်/ ဆင်းနိုင်ရေး အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်စိုးမြ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဗီနေးကူးမားကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဗီနေးကူးမားကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသောစီမံကိန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးကိစ္စ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် အာဆီယံနှင့်ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူများ လေးစားလိုက်နာသွားရေးတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးကို နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာမာစွတ်ဘင်မိုမမ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှုနှင့် ကြုံတွေ့ရသည့်အခက်အခဲများ ဖြေရှင်းနိုင်ရေးစိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစတင်နိုင်ရန်အတွက် အစီအမံများ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက်နေရပ်ပြန်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများစသည့်ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များနှင့်သာမက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လက်ခံနိုင်ရေး၊ နေရပ်စွန့်ခွာသူများကို ပြန်လည်စိစစ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို အဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းထားပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့အကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးသည်။

**ရှင်းလင်းဆွေးနွေး**

မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ထားရှိမှု၊ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းနှင့် နေရာချထားပေးမည့် ကျေးရွာများရှိ နေအိမ်များကို ပြန်လည်မွမ်းမံပြင်ဆင်နေမှု၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု ပေးအပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကောင်းမွန်သည့်ပတ်ဝန်းကျင် ဖန်တီးပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများ၊ အာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်နေရာတို့ကို သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်း အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ယူရီးယားမြေသြဇာများ တောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်

**နေပြည်တော် ဇွန် ၁၄**

အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး ဈေးနှုန်းသင့်တင့်သည့် ယူရီးယားမြေသြဇာများကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ အရောင်းဆိုင်များမှတစ်ဆင့် တောင်သူများလက်ဝယ်သို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် သက်သာစွာဖြန့်ဖြူးရောင်းချနိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာအဖွဲ့ဝင်ကုမ္ပဏီများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ယူရီးယားမြေသြဇာဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အရည်အသွေးပြည့်မီသည့် ယူရီးယားမြေသြဇာများကို တောင်သူများ လက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးရာသီအမီ ရောင်းချပေးနိုင်ရေးသည် အဓိကဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် မြေသြဇာများ ဝယ်ယူရာတွင် လွယ်ကူရိုးရှင်းသောပုံစံများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးထံမှလည်း ဒေသအလိုက် ယူရီးယားမြေသြဇာ အမှန်တကယ်လိုအပ်ချက်များကို တောင်းခံထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ ဦးဆောင်ကော်မတီဝင်များအနေဖြင့် လက်ရှိတင်သွင်းထားသော ယူရီးယားမြေသြဇာများကို တောင်သူများထံသို့ စိုက်ပျိုးရာသီအမီ မြန်မြန်ဆန်ဆန် ရောင်းချနိုင်ရေးအတွက် အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယူရီးယားမြေသြဇာများအား လက်ရှိတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ ယူရီးယားမြေသြဇာ တန်ချိန် ၆၀၀၀ ကျော် ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်များရှိ အရောင်းဆိုင်များတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ မြန်မြန်ဆန်ဆန် အချိန်မီ ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြသော Consortium အဖွဲ့ကိုယ်စား တာဝန်ရှိသူတစ်ဦးက ယူရီးယားမြေသြဇာတင်သွင်းထားရှိမှုနှင့် ထပ်မံတင်သွင်းမည့် အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ယူရီးယားမြေသြဇာ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကိုလည်းကောင်း၊ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ယူရီးယားမြေသြဇာဖြန့်ဖြူးရောင်းချနေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားမြေသြဇာ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၁၄**

"ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ"သည် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များ၊ အသင်းဝင်ကုမ္ပဏီများ စုစည်းဖွဲ့စည်းထားသော Consortium အဖွဲ့နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့နှင့်ပူးပေါင်း၍ တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီသည့် ယူရီးယားမြေသြဇာများ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် ပထမအကြိမ်တင်သွင်းသည့် ယူရီးယားမြေသြဇာ ၇၅၀၀၀ တန်ခန့်ကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇွန် ၁၁ ရက်မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုရှိ မြို့နယ် ၁၃၆ မြို့နယ်မှ အရောင်းဆိုင် ၂၉၁ ဆိုင်တွင် ကြိုက်ရောင်း/ ကြိုက်ဝယ်စနစ်ဖြင့် လက်ငင်းငွေချေဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချပေးမည့် ယူရီးယားမြေသြဇာများကို သက်ဆိုင်ရာကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံမှ ဝယ်ယူခွင့်လက်မှတ်များ အခမဲ့ရယူ၍ မြို့နယ်များရှိသက်ဆိုင်ရာအရောင်းဆိုင်များ၌ "ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူး ရောင်းချရေးဦးဆောင်ကော်မတီ"မှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

တောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများကိုမြို့နယ်အလိုက် သတ်မှတ်ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိခဲ့လျှင်သော်လည်းကောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း–၀၆၇–၄၁၀၀၃၅၊ သမဝါယမဦးစီးဌာန ဖုန်း–၀၆၇–၄၁၀၀၄၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း–၀၆၇–၄၁၈၆၂၁ နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ယူရီးယားမြေသြဇာများအတွက် ရည်ညွှန်းဈေးနှုန်းများ

၁၄–၆–၂၀၂၂

50 Kg ပါ တစ်အိတ်ဈေးနှုန်းဖြစ်ပါသည်။

| ကုန်ပစ္စည်း | ရန်ကုန်ဂိုဒေါင်ဈေး | ပဲခူး | | မန္တလေး | မကွေး | | မွန် | စစ်ကိုင်း | | ရန်ကုန် | | ရခိုင် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပဲခူး | ပြည် | | မကွေး | စလင်း/ပွင့်ဖြူ | မော်လမြိုင်/သထုံ | မုံရွာ | ရေဦး/ရွှေဘို | သုံးခွ | ထန်းတပင် | စစ်တွေ | မောင်တော |
| ယူရီးယားမြေသြဇာ | ၈၆၀၀၀ | ၈၇၈၀၀ | ၈၈၆၀၀ | ၈၈၆၀၀ | ၈၉၀၀၀ | ၈၉၁၀၀ | ၈၈၈၀၀ | ၈၉၅၀၀ | ၈၉၈၀၀ | ၈၈၀၀၀ | ၈၆၅၀၀ | ၉၂၆၀၀ | ၉၉၄၀၀ |

| ကရင် | | ဧရာဝတီ | | ရှမ်း (အရှေ့) | | ရှမ်း (မြောက်) | | ရှမ်း (တောင်) | | |
|---|---|---|---|---|---|---|---|---|---|---|
| ဘားအံ | လှိုင်းဘွဲ့ | ပုသိမ် | ဟင်္သာတ | ကျိုင်းတုံ | မိုင်းတုံ | လားရှိုး | ကျောက်မဲ | တောင်ကြီး | ကလော | မိုင်းပန် |
| ၈၈၈၀၀ | ၈၉၃၀၀ | ၈၈၂၀၀ | ၈၈၁၀၀ | ၉၆၀၀၀ | ၁၀၀၈၀၀ | ၉၂၀၀၀ | ၉၀၁၀၀ | ၈၉၅၀၀ | ၈၈၈၀၀ | ၉၂၀၀၀ |

**မှတ်ချက်** ။

(၁) ရန်ကုန်ဂိုဒေါင်ဈေး + ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် + ကုန်တင် /ချ ခ + အမြတ်ငွေတို့ပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) ယူရီးယားမြေသြဇာဝယ်ယူသုံးစွဲသူတောင်သူများအနေဖြင့် ယူရီးယားမြေသြဇာများ ဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင်များ၌ ဝယ်ယူရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် –

၀၆၇ – ၄၁၀၀၃၅ ( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန )

၀၆၇ – ၄၁၀၀၄၀ ( သမဝါယမဦးစီးဌာန )

၀၆၇ – ၄၁၈၆၂၁ ( ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန )

တိုင်းဒေသကြီး / ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံးနှင့် မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီများသို့လည်း တိုင်ကြားနိုင်ပါသည်။

(၃) သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီပြီး ဝယ်ယူရန်အခက်အခဲရှိပါက မြို့နယ်အဆင့် ဖြန့်ဖြူးရောင်းချရေးကော်မတီသို့ ချိတ်ဆက် သတင်းပို့ဝယ်ယူနိုင်ပါသည်။

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ**

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလွန် ပြင်ဆင်ဆောင်ရွက်သွားသင့်သည့် အားကစားလုပ်ငန်းများ

ကိုဌေး(ကနောင်)

(ယမန်နေ့မှ အဆက်)

**(၃) လူထုအားကစားလှုပ်ရှားမှုများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေး**

လက်ရှိအနေအထားအရ ယခင်တုန်းကကဲ့သို့ လူထုအားကစားလှုပ်ရှားမှုများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ခြင်း မရှိသည်ကို မြင်တွေ့နေရသည်။ ယခင်ဒီဇင်ဘာလူထုအားကစားလဆိုလျှင် တစ်နိုင်ငံလုံး စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပခြင်းနှင့် လမ်းလျှောက်ပွဲများ ကျင်းပပြီးလျှင် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပကြသည်။ လွတ်လပ်ရေးနေ့၊ပြည်ထောင်စုနေ့၊တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ အလုပ်သမားနေ့ကဲ့သို့သော နေ့ကြီးရက်ကြီးများ အပါအဝင် ပြည်နယ်အသီးသီးတွင်လည်း သက်ဆိုင်ရာပြည်နယ်နေ့များကဲ့သို့ နေ့ကြီးရက်ကြီးများတွင် မြို့တိုင်း၊ နယ်တိုင်း ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ထို့ပြင် ဒေသအလိုက် အများပြည်သူများ စိတ်ဝင်စားသည့် အားကစားနည်းများကို ဒေသအလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများအဖြစ် မြန်မာပြည်အနှံ့အပြားတွင် ကျင်းပခဲ့ကြသည်။ မှတ်မိသမျှ တင်ပြရလျှင် မန္တလေးတိုင်း ပျဉ်းမနားမြို့တွင် ပေါင်းလောင်းဒိုင်း၊ မိတ္ထီလာမြို့တွင် ထီလာမောင်ဖလား၊ ကူမဲမြို့တွင် မိုးအောက်မြေပြင်ဖိတ်ခေါ်ဖလား၊ မန္တလေးမြို့တွင် ဗထူးကွင်းဖွင့်ဖလား၊ ရတနာပုံဖလား၊ ပျော်ဘွယ်မြို့တွင် ရွှေစင်ရုပ်တုဖလား၊ မြင်းခြံမြို့တွင် မြေလတ်ဖလား၊ ကျောက်ဆည်မြို့တွင် ရွှေကုန်သည်ကြီးများဒိုင်းပြိုင်ပွဲများ ကျင်းပခဲ့ပြီး မကွေးတိုင်း ချောက်မြို့တွင်လည်း သခင်ဖိုးလှကြီးဖလား၊ ပခုက္ကူမြို့တွင် မြေလတ်ရောဖလား၊ ရေနံချောင်းမြို့တွင် ရေနံ့သာဖလား၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့တွင် ရွှေမင်းဝံဖလား၊ ရွှေဘိုမြို့တွင် အောင်ဇေယျဒိုင်းပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများကို အားကစားဝါသနာပါသည့် မြို့မိမြို့ဖများ၊ အားကစားဝါသနာရှင်များ၊ အလှူရှင်များနှင့် အားကစားဆပ်ကော်မတီများ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။ ၎င်းပြိုင်ပွဲများသည် ပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် လူငယ်လူရွယ်များအနေဖြင့်လည်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားလိုသည့် လူငယ်များ များပြားလာသည့်အတွက် မလိုလားအပ်သည့်ဘက်သို့ ရောက်ရှိမှုများ ကင်းဝေးစေခဲ့သည်။ အဆိုပါပြိုင်ပွဲများ ပျောက်ကွယ်သွားသည်မှာ ဆယ်စုနှစ် နှစ်ခု၊ သုံးခုခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများကိုလည်း ပြန်ပြီးအသက်သွင်းရန် လိုအပ်မည်ဟု မြင်ပါသည်။

ယခင်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ အနေဖြင့်လည်း ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ယခင်ပြည်နယ်နှင့်တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပချိန်တွင် ဝန်ကြီးဌာနအသီးသီး၏ အားကစားတာဝန်ရှိသူများက အားကစားပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုအားပေးပြီး အပြိုင်အဆိုင် လူရွေးချယ်ခြင်း၊ ထူးချွန်သည့် အားကစားသမားများကို အလုအယက်ခေါ်ယူပြီး မိမိတို့ ဝန်ကြီးဌာနများတွင် အလုပ်ခန့်ထားခြင်း၊ အားကစားသမားများကို ဝန်ကြီးဌာနအလိုက် အပြိုင်အဆိုင်စခန်းသွင်း၍ ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသဖြင့် အားပေးသည့်ပရိသတ်များလည်း လွန်စွာများပြားခဲ့သည်။ ၎င်းပြိုင်ပွဲများမှ မြန်မာ့လက်ရွေးစင်အများအပြား ပေါ်ထွက်လာခဲ့သည်။

ယနေ့အချိန်တွင် ဝန်ကြီးဌာနများမှ ခန့်ထားပြီးသား အားကစားသမားဝန်ထမ်းများကို အားကစားဌာနသို့ ပြန်လည်လက်ခံပေးရန် တောင်းဆိုမှုများ ရှိလာသည်။ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ တစ်ခုလုပ်လျှင် အသင်းခြောက်သင်း၊ ခုနစ်သင်းခန့်သာ ယှဉ်ပြိုင်ကြသည်ကို တွေ့ရသည်။ ထိုအချက်ကလည်း အားကစားမျိုးဆက်သစ် ပေါ်ထွက်မှု ကျဆင်းရခြင်း၏ အဓိကအချက်တစ်ချက် ဖြစ်မည်ထင်သည်။

သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ အနေဖြင့်လည်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ တံခွန်စိုက်ဖလား အားကစားပြိုင်ပွဲများကို ယခင်ကကဲ့သို့ နှစ်စဉ်ပုံမှန် ပြန်လည်ကျင်းပပေးရန် လိုအပ်သည်။ အဓိကတင်ပြလိုသည်မှာ ယခင်က အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်ပတ်လုံး လူထုအားကစားလှုပ်ရှားမှုအသွင် ကျင်းပဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည့်အတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ပြီး မြန်မာ့အားကစားသည်လည်း အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်သို့ ကျော်လွန်ပြီး အိုလံပစ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ အမြို့မြို့အနယ်နယ်တွင် ရှိကြသည့် အားကစားဝါသနာရှင် မြို့မိမြို့ဖများ၊ အလှူရှင်များအားလုံး အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလိုပါသည်။

**(၄) အားကစားဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများမှ အဆင့်မီကျွမ်းကျင်နည်းပြများ ငှားရမ်းလေ့ကျင့်ရေး**

အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်သွားမည့် မြန်မာ့လက်ရွေးစင်နှင့် ပဏာမလက်ရွေးစင် အားကစားသမားများကို ပြည်ပနိုင်ငံများမှ အဆင့်မီ ကျွမ်းကျင်နည်းပြများ ကာလရှည်ငှားရမ်း၍ အတွေ့အကြုံရှိ မြန်မာ့လက်ရွေးစင်ဟောင်း နည်းပြများဖြင့် ပူးတွဲလေ့ကျင့်ပေးမှသာ နည်းစနစ်များ၊ နည်းဥပဒေများ၊ နည်းဗျူဟာများ ပိုမိုကျွမ်းကျင်လာပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်၍ အားကစားနည်းအလိုက် အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်နိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်မည်ဟု မြင်မိသည်။

**(၅) အားကစားနည်းအလိုက် တိုးတက်သည့် နိုင်ငံများသို့ ကာလတို/ကာလရှည် ပူးတွဲလေ့ကျင့်သည့်အစီအစဉ်များ စေလွှတ်ဆောင်ရွက်ရေး**

ယနေ့ခေတ် နိုင်ငံတကာအားကစားပြိုင်ပွဲများကို လေ့လာကြည့်ပါက နည်းစနစ်၊ နည်းဗျူဟာများ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာနေသည်ကို တွေ့ရှိရသည့်အတွက် SEA Games ပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ဖူးသည့် အတွေ့အကြုံရှိ လက်ရွေးစင်အားကစားသမားများကို အားကစားနည်းအလိုက် တိုးတက်သည့် နိုင်ငံများသို့ ကာလတို Joint Training စေလွှတ်လေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အားကစားနည်းအလိုက် အလားအလာရှိသည့် မျိုးဆက်သစ်လူငယ်များကိုလည်း အားကစားဖွံ့ဖြိုးတိုးတက်ရေး ရေရှည်အစီအမံအဖြစ် ကာလရှည်စေလွှတ်လေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်သွားရန်လည်း လိုအပ်နေပြီ ဖြစ်သည်။

**(၆) အားကစားနည်းအလိုက် နည်းပြများအား အဆင့်မြှင့်တင်ရေး အစီအမံများပြုလုပ်ရေး**

အားကစားတိုးတက်သည့် နိုင်ငံများကို လေ့လာကြည့်ပါက အားကစားနည်းအလိုက် နည်းပြများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလျက်ရှိသည်ကို တွေ့မြင်နေရသည်။ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းစနစ်များ၊ နည်းဥပဒေများ၊ နည်းဗျူဟာများကို ခေတ်မီအားကစား အထောက်အကူပြုပစ္စည်း (Sports Equipment) များ ပြောင်းလဲအသုံးပြုရေး၊ Sports Science ပညာရပ်များနှင့်အညီ လေ့ကျင့်မှုပုံစံများ၊ ထိရောက်သည့် Training Programme များ ရေးဆွဲလေ့ကျင့်နိုင်ရေး စသည့် အချက်များသည် လွန်စွာအရေးပါသဖြင့် အားကစားနည်းပြများ၏အရည်အသွေး

**စာမျက်နှာ ၁၁ သို့** ★

✻ **ယခင်က အားကစားလှုပ်ရှား ဆောင်ရွက်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်ပတ်လုံး လူထုအားကစားလှုပ်ရှားမှုအသွင် ကျင်းပဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည့်အတွက် အားကစားနည်းအလိုက် မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်ပြီး မြန်မာ့အားကစားသည်လည်း အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်သို့ ကျော်လွန်ပြီး အိုလံပစ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်**

✻ **လူထုအားကစားလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ အမြို့မြို့အနယ်နယ်တွင်ရှိကြသည့် အားကစားဝါသနာရှင် မြို့မိမြို့ဖများ၊ အလှူရှင်များအားလုံး အမျိုးသားရေးအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်**



(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲတွင် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ Kurash အားကစားနည်းတွင် မြန်မာအမျိုးသမီး အားကစားသမား ယှဉ်ပြိုင်နေစဉ်။

★ စာမျက်နှာ ၁၀ မှ

မြှင့်တင်ပေးရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် သုံးသပ်ဆောင်ရွက်သွားသင့်ပါသည်။ အားကစားနည်းအလိုက် နည်းပြအရည်အချင်းနှင့် ပတ်သက်သည့် ပြည်တွင်း/ပြည်ပ နည်းပြသင်တန်းများသို့ စဉ်ဆက်မပြတ် တက်ရောက်နိုင်စေရေးကိုလည်း စီမံဆောင်ရွက်ပေးကြရန် လိုအပ်သည်။ မြန်မာနိုင်ငံမှ လက်ရွေးစင်ဟောင်းနည်းပြအများစု အနေဖြင့် အတွေ့အကြုံအရ နည်းပြတာဝန်ထမ်းဆောင်ရာတွင် ကျွမ်းကျင်မှုများရှိကြသော်လည်း ခေတ်နှင့်အညီ တိုးတက်လာသည့် နည်းစနစ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတကာသင်တန်းများသို့ စေလွှတ်တက်ရောက်စေရာတွင် အများစုမှာ ဘာသာစကားအခက်အခဲရှိနေသဖြင့် ပြည်ပမှနည်းပြများ ဖိတ်ကြား၍ ကျွမ်းကျင်စကားပြန်များဖြင့် အားကစားနည်းအလိုက် နည်းပြမွမ်းမံသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးကိုလည်း ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်မှာလည်း မဖြစ်မနေဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်သည်ကို သတိပြုသင့်သည်။

**(၇) မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် မိမိတို့အားကစားနည်း အောင်မြင်တိုးတက်စေရေးအတွက် ထဲထဲဝင်ဝင်ဆောင်ရွက်သည့် အဖွဲ့ချုပ်များ နည်းပါးလာခြင်းနှင့် ထောက်ပံ့ပေးနိုင်မှု အားနည်းလာခြင်း**

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို ယခင်က ဝန်ကြီးဌာနအသီးသီးမှ အရာရှိကြီးများအား တာဝန်ပေးအပ်ဆောင်ရွက်စေခဲ့သည်။ နောက်ပိုင်းတွင် အားကစားအောင်မြင်တိုးတက်စေရေးလုပ်ငန်းများသည် ငွေရေးကြေးရေး စိုက်ထုတ်သုံးစွဲရသည့်လုပ်ငန်းများဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အဖွဲ့ချုပ်ဥက္ကဋ္ဌများအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ပြီး နိုင်ငံတော်က ပြည့်ပြည့်ဝဝ ပံ့ပိုးမပေးနိုင်သည့်လုပ်ငန်းကိစ္စရပ်များ၊ သက်ဆိုင်ရာအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများမှာ မျိုးဆက်သစ်များ ရှာဖွေဖော်ထုတ်ရေး၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ကျင်းပရေး၊ တိုးတက်သည့်နိုင်ငံများသို့ အဖွဲ့ချုပ်လက်ရွေးစင်များ၊ ပဏာမလက်ရွေးစင်များနှင့် လူငယ်လက်ရွေးစင်များကို ကာလတို/ ကာလရှည်စေလွှတ်လေ့ကျင့်ရေး၊ နိုင်ငံတကာမှ အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်ရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်ရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး၊ မိမိတို့အားကစားနည်းအလိုက် နိုင်ငံတကာအဆင့်မီ ဒိုင်/ဂျူရီများ မွေးထုတ်ပေးရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီသို့ အားကစားအဖွဲ့ချုပ်အလိုက် ဆောင်ရွက်မည့် စီမံချက်များ ရေးဆွဲတင်ပြရေး၊



ဝူရှူးအားကစားနည်း Nangun (နန်းကွန့်) တုတ်ရှည်ပြိုင်ပွဲ၌ မောင်သိန်းသန်းဦး ယှဉ်ပြိုင်နေစဉ်။

အဖွဲ့ချုပ်အလိုက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်၊ ပဏာမလက်ရွေးစင်များ၊ လူငယ်လက်ရွေးစင်များ၏ လူမှုရေးလိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ အားကစားသမားများ၏ လေ့ကျင့်ချိန်၊ စားသောက်ချိန်၊ အိပ်ချိန်မှန်ကန်ရေး၊ အားကစားအရည်အချင်း တိုးတက်ရေး၊ စည်းကမ်းကောင်းမွန်ရေး စသည့်လုပ်ငန်းများကို ပြည့်ပြည့်ဝဝ တာဝန်ယူဆောင်ရွက်ရမည် ဖြစ်သော်လည်း လက်ရှိအနေအထားအရ အဖွဲ့ချုပ်အများစုအနေဖြင့် လုပ်ငန်းတာဝန်များအပေါ် ထဲထဲဝင်ဝင်ဆောင်ရွက်မှု နည်းပါးလာခြင်း၊ အားကစားတိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှု အားနည်းလာခြင်းများကိုလည်း ကြားသိမြင်တွေ့နေရသဖြင့် အဖွဲ့ချုပ်များ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပိုင်းများ ပိုမိုသက်ဝင်လှုပ်ရှားလာစေရေးအတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ထိန်းကျောင်းတည့်မတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ တိုက်တွန်းအားပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် သုံးလတစ်ကြိမ်ခန့် အားကစားအဖွဲ့ချုပ်များနှင့် ပုံမှန်အစည်းအဝေးပြုလုပ်ပြီး အဖွဲ့ချုပ်များ၏ လုပ်ငန်းဆောင်ရွက်ချက်၊ တင်ပြချက်များအပေါ် သုံးသပ်ဆောင်ရွက်သင့်သည်။ ထဲထဲဝင်ဝင် လိုက်ပါဆောင်ရွက်နိုင်မှု အားနည်းသည့် အားကစားအဖွဲ့ချုပ်များကို အမှန်တကယ် စေတနာထားဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးလဲလှယ် တာဝန်ပေးသင့်သည်။ မိမိတာဝန်ယူထားသည့် အားကစားအဖွဲ့ချုပ် တိုးတက်ရာတိုးတက်ကြောင်း ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်ခြင်းမရှိပါကလည်း အမှန်တကယ် တာဝန်ထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များထံ အမျိုးသားရေးအသိဖြင့် လွှဲပြောင်းတာဝန်ပေးအပ်စေသင့်သည်။

**(၈) အားကစားကွင်း/အားကစားရုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးပေးရေး**

အားကစားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် အားကစားကွင်း/ အားကစားရုံများကို ရပ်ကွက်/ကျေးရွာအဆင့်မှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှသည် ဗဟိုအဆင့်အထိ သူ့အဆင့်နှင့် လျော်ညီသည့် အားကစားကွင်း/ အားကစားရုံများ ပြည့်ပြည့်စုံစုံရှိနေရန် လိုအပ်သည်။ အလားတူ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အားကစားကွင်း/အားကစားရုံများရှိနေရန် လိုအပ်သည်။ အားကစားကွင်း/ အားကစားရုံများမရှိဘဲ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်၍ မရသည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာများမှစ၍ ရပ်ကွက်/ကျေးရွာအဆင့်နှင့်လျော်ညီသည့် အားကစားကွင်း/ အားကစားရုံများ ဖြည့်ဆည်းပေးရန် လိုအပ်သည်။

လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို တိုးတက်စေကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးတွင် အားကစားကွင်း/အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်ပေးနေကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကိုရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်ပြီး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်သွားကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားကဏ္ဍတိုးတက်စေရေး အားပေးခြင်းများ ဆောင်ရွက်၍ မြန်မာ့အားကစားကဏ္ဍ တစ်ခေတ်ဆန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ SEA Games ပြိုင်ပွဲများတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး အားပေးဆောင်ရွက်သွားရန်"** စသည့် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း အားကစားကွင်း/အားကစားရုံများ အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်စင်များ အဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ ရေကူးကန်များ တည်ဆောက်ပေးခြင်း၊ Synthetic ရော်ဘာပြေးလမ်းများ ခင်းပေးခြင်း၊ အားကစားဥယျာဉ်များ တည်ဆောက်ပေးခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် လျာထားစီမံ ဆောင်ရွက်ပေးလျက်ရှိရာ အားကစားလောကအတွက် အားတက်ဖွယ်ကြားသိနေရသည်။ အားကစားဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များ ပြည့်စုံလာသည်နှင့်အမျှ အားကစားတိုးတက်ရေးအတွက် ထိရောက်သည့် ရေတို/ ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ပါက တိုးတက်မှုများ မလွဲမသွေ ဖြစ်ပေါ်လာမည်ဖြစ်သည်။

**(၉) အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ရန်လိုအပ်သည့် အချိန်အခါဖြစ်ခြင်း**

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်ပေါင်းများစွာ ရှိနေသော်လည်း နိုင်ငံတော်အဆင့်မှ တိကျသည့်မူဝါဒများ ချမှတ်ပေးရန် လိုအပ်သည့် ကိစ္စရပ်များအား တင်ပြဆောင်ရွက်ခြင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ အခါကြီး/ရက်ကြီးများတွင် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပရေး၊ ဒေသအလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ယခင်ကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများ ဖြစ်ပေါ်လာစေရေး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး စသည့်ကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရေး၊ အားကစားနှင့်ပညာရေး ထိထိမိမိပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၏ ဆောင်ရွက်ချက်များအပေါ် ကြီးကြပ်ထိန်းကျောင်းပေါင်းစပ်ညှိနှိုင်းခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ တွန်းအားပေးကြပ်မတ်ခြင်းများ ဆောင်ရွက်ရေး၊ ဝန်ကြီးဌာနမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမြဲမပြတ် သုံးသပ်လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပေးရေးကိစ္စရပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်သည့်အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်ဟု အကြံပြုတိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

■

# ရမ်းဗြဲမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ရမ်းဗြဲ ဇွန် ၁၄

ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရမ်းဗြဲမြို့နယ် ထိန်တွေကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရမ်းဗြဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက အခြေခံစက်ချုပ်သင်တန်းကို ကျေးရွာအရောက်ဖွင့်လှစ်ပေးရခြင်းနှင့် ဆက်လက်၍ သင်တန်းများ ဖွင့်လှစ်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခြေခံစက်ချုပ်သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး ရမ်းဗြဲမြို့နယ်အတွင်းရှိ စက်ချုပ်ကျွမ်းကျင် ဆရာမများက မေ ၂၄ ရက်မှ ဇွန် ၁၃ ရက်အထိ ၂၁ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

■



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းရှိ အမျိုးသားပရဆေး ဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**စစ်ဆေးကြည့်ရှု**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားပရဆေးဥယျာဉ် နေပြည်တော်တွင် တိုင်းရင်းဆေးပင်များဖြစ်သည့် ဆေးခါးကြီး၊ သကြားမကိုင်မှို၊ မဟာကာကြံဆစ်၊ နန္နင်းစသည်တို့ကို စိုက်ခင်း၊ စိုက်ကွက်များဖြင့် စနစ်တကျပျိုးထောင် စိုက်ပျိုးထားရှိမှု၊ ရောဂါကြီးခြောက်မျိုးအတွက် တိုင်းရင်းဆေးပင်များနှင့် ဂမုန်းပင်အမျိုးမျိုးကို ပျိုးထောင်ထားရှိသည့် ပျိုးဥယျာဉ်နှင့် တိုင်းရင်းဆေး ဥယျာဉ်အတွင်း၌ တိုင်းရင်းဆေးပင်အမျိုးအမည် စုံလင်စွာဖြင့် စိုက်ပျိုးထားရှိသည့် အခြေအနေများ၊ အမျိုးသားပရဆေးဥယျာဉ်အတွင်းရှိ အာဆီယံနှင့် BIMSTEC အဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများ စိုက်ပျိုးခဲ့သည့် ဆေးဖက်ဝင်အပင်များကို စနစ်တကျထိန်းသိမ်း စိုက်ပျိုးထားသည့်အခြေအနေ၊ တိုင်းရင်းဆေးပညာ ပြတိုက်တွင် တိုင်းရင်းဆေးပညာဆိုင်ရာသိကောင်း စရာများနှင့် တိုင်းရင်းဆေးဖက်ဝင်ပစ္စည်းများ၊ ဆေးဝါးများ ခင်းကျင်းပြသထားမှုများကို လှည့်လည် စစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ရှင်းလင်းဆောင်တွင် တိုင်းရင်း ဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူက တိုင်းရင်းဆေး ပညာဦးစီးဌာနအောက်ရှိ ပရဆေးဥယျာဉ်ဌာနခွဲ တွင်ရှိသည့် အမျိုးသားပရဆေးဥယျာဉ် နေပြည်တော် အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပရဆေးဥယျာဉ် ကိုးခု နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပရဆေးဥယျာဉ် အသီးသီးတွင် တိုင်းရင်းဆေးပင်များ စိုက်ပျိုးရာ၌ နေရာဒေသ၊ ရာသီဥတုအလိုက် သင့်တော်မည့်ဆေးပင် များကို စနစ်တကျစိုက်ပျိုးရန်လိုအပ်ကြောင်း၊ အမျိုးသားပရဆေးဥယျာဉ် နေပြည်တော်သည် ပရဆေးဥယျာဉ်များအနက် အကြီးဆုံးဖြစ်ပြီး စံပြဖြစ်ရန်လိုအပ်ကြောင်း၊ အမျိုးသားပရဆေး ဥယျာဉ်သည် နေပြည်တော်၏ အဓိကအချက်အချာ ကျသည့်နေရာတွင်တည်ရှိပြီး သွားလာရေးလည်း လွယ်ကူသည့်နေရာဖြစ်သည့်အတွက် ပြည်သူများ အနေဖြင့် တိုင်းရင်းဆေးပညာဆိုင်ရာ အသိပညာများ ရရှိစေရေးအတွက် အပန်းဖြေရင်း လေ့လာနိုင်သည့် နေရာတစ်ခုအဖြစ် ဖန်တီးပေးရန်လိုအပ်ကြောင်း။

တိုင်းရင်းဆေးပညာရပ်နှင့် ပတ်သက်သည့် သင်တန်းများနှင့် မွမ်းမံသင်တန်းများကို စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထို့အပြင် အာဆီယံ၊ BIMSTEC စသည့် အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံ များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် တိုင်းရင်းဆေး ပညာရပ် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ဆက်သွယ်မှု များကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ ၏ မျိုးရိုးစဉ်ဆက် အမွေဆက်ခံရရှိခဲ့သည့် တိုင်းရင်း ဆေးပညာရပ်များ မပျောက်ပျက်စေရေးအတွက် စနစ်တကျမှတ်တမ်းတင် ထားရှိရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာကို ဆည်းပူးလေ့လာလိုသူများနှင့် သုတေသနပြုလိုသူများအတွက် စနစ်တကျလေ့လာ နိုင်သည့် တိုင်းရင်းဆေးဥယျာဉ်ကြီးဖြစ်အောင် ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေး ပညာနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ ကိုလည်း စနစ်တကျဆောင်ရွက်ခြင်း၊ မှတ်တမ်းတင် ထားရှိခြင်းများဆောင်ရွက်၍ မိမိတို့၏တိုင်းရင်း ဆေးဝါးများ နိုင်ငံတကာအလယ်တွင် ဂုဏ်သတင်း ကျော်စောစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုခွေးက လုပ်ငန်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ ခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနအောက်၌ နေပြည်တော် ပြည်ထောင်စု နယ်မြေတွင် အမျိုးသားပရဆေးဥယျာဉ်နှင့် ရေဆင်း ပရဆေးဥယျာဉ်၊ မန္တလေးတိုင်းဒေသကြီးတွင် ရေတံခွန်တောင်ပရဆေးဥယျာဉ်၊ ဖောင်းတောပရဆေး ဥယျာဉ်၊ ဆည်ပေါက်ပရဆေးဥယျာဉ်၊ တိုင်းရင်းဆေး တက္ကသိုလ်ပရဆေးဥယျာဉ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် ရွာသာကြီးပရဆေးဥယျာဉ်၊ ကြို့ကုန်းပရဆေး ဥယျာဉ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်ကန် သာယာပရဆေးဥယျာဉ် စုစုပေါင်းပရဆေးဥယျာဉ် ကိုးခုရှိပြီး တိုင်းရင်းဆေးပင်အမျိုးမျိုး နှစ်သိန်း ခုနစ်သောင်းခန့် စိုက်ပျိုးထားရှိကြောင်းသိရှိရပြီး အမျိုးသားပရဆေးဥယျာဉ် နေပြည်တော်သည် တိုင်းရင်းဆေးဥယျာဉ်များအနက် အကြီးဆုံးဖြစ်ကာ အကျယ်အဝန်း ၁၉၆ ဒသမ ၄ ဧက ရှိကာ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပရိဝုဏ်အတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပရိဝုဏ်အတွင်း၌ ကျင်းပ သည်။

သစ်ပင်စိုက်ပျိုးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့က စိန်တလုံးသရက် ပျိုးပင်များကို ဦးဆောင်စိုက်ပျိုး ပေးပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် စိန်တလုံး သရက်ပျိုးပင် ၆၀၀ ခန့် စိုက်ပျိုးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအား ပေးသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ကန်အမှတ် (၁)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးတို့က ငါးမြစ်ချင်းသားပေါက်များကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး များနှင့် ဌာနဆိုင်ရာ အရာထမ်း/ အမှုထမ်းများက ဆက်လက်၍ ကန်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၅၀၀၀ ခန့်ကို ငါးမျိုးစိုက်ထည့်ပေးကြ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) အစည်း အဝေးခန်းမ၌ကျင်းပသည့် အားကစားနှင့်ကာယ ပညာသိပ္ပံကျောင်းများ၊ ပြည်နယ်/တိုင်းဒေသကြီး များနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ တာဝန်ခံများ အနေဖြင့် အားကစားကဏ္ဍနှင့် လူငယ်ရေးရာကိစ္စရပ် များကိုပါ ပူးတွဲဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်ရေးရာနှင့်ပတ်သက်၍ ပြည်နယ်/တိုင်းဒေသ ကြီးများတွင် အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးအခြေအနေအရ ပြည်နယ်/တိုင်းဒေသကြီး ပြိုင်ပွဲများကျင်းပရာတွင် အထူးဂရုစိုက်ဆောင်ရွက် သွားရန်လိုကြောင်း၊ သိပ္ပံကျောင်းသားများအား ရွေးချယ်မှုပြုလုပ်ရာတွင် အရည်အသွေးရှိသည့် သင်တန်းသားများကို စနစ်တကျ မှန်မှန်ကန်ကန် ရွေးချယ်ရန်လိုကြောင်း။



ကျောင်းအုပ်ကြီးများက အားကစားတွင် အမှန်တကယ် အထောက်အပံ့ပေးနိုင်မည့် နိုင်ငံ့ ကိုယ်စားပြု အားကစားသမားကောင်းတစ်ယောက် ဖြစ်လာနိုင်စေရေးကိုရည်ရွယ်ပြီး အားကစားအခြေခံ ရှိသူများကို ဦးစားပေးအလေးထား ရွေးချယ်သွားရန် လိုကြောင်း၊ တာဝန်ခံညွှန်ကြားရေးမှူးများ နယ်မြေ ကွင်းဆင်းစစ်ဆေးရာတွင် အရည်အချင်းရှိပြီး Talent ရှိသည့် ကစားသမားများကိုတွေ့ရှိပါက ဝန်ကြီးဌာန သို့ သတင်းပို့တင်ပြသွားရန်နှင့် ဌာနမှစိစစ်ပြီး Camp သွင်း လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစား နှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများမှ ညွှန်ကြားရေးမှူး များအနေဖြင့် မိမိဌာနရှိ ဝန်ထမ်းများ၏ အားသာ ချက်၊ အားနည်းချက်များနှင့် ၎င်းတို့၏ ကျွမ်းကျင်မှု ပညာရပ်များကိုစိစစ်ပြီး မိမိဌာနအောင်မြင်တိုးတက် စေရေးအတွက် လုပ်ငန်းတာဝန်များကို စနစ်တကျ စီမံခန့်ခွဲပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသူများက ဝန်ထမ်းခန့်ထားမှု ၊ သင်တန်းသား အသစ်ရွေးချယ်မှုဆိုင်ရာကိစ္စ၊ သင်တန်းသားအရည် အချင်း သတ်မှတ်ချက်များ၊ အားကစားနည်းအလိုက် နည်းပြခန့်ထားမှု၊ သိပ္ပံကျောင်းသားတက်ရောက်မှု နှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက ခြုံငုံသုံးသပ်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တို့တွေ့ဆုံ

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ သည်။

တွေ့ဆုံစဉ် မွန်ပြည်နယ်အတွင်း ရှိ ပြည်သူများက ကော်မရှင်သို့ ပေးပို့တိုင်ကြားလာသော တိုင်တန်း ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ထားရှိမှု၊ ကော်မရှင်မှ အကျဉ်းထောင်၊ အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းများကို ကြည့်ရှု စစ်ဆေးမှု၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကော်မရှင်မှ ဆောင်ရွက် နေမှုများကို တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့ အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ကော်မရှင်၏ ၁၀ နှစ်တာ ခရီးစာအုပ်နှင့် ကော်မရှင် လက်ကမ်းစာစောင်များကိုပေးအပ် ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၃၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်နှင့် တောင်အာရှကော်မရှင်ပူးတွဲအစည်းအဝေးသို့ တက်ရောက်






**နေပြည်တော် ဇွန် ၁၄**

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၃၄) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မော်လ်ဒိုက်နိုင်ငံ ခရီးသွားဝန်ကြီး Dr. Abdulla Mausoom နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**မူဝါဒများချမှတ်ဆောင်ရွက်**

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး ၂၀၁၉ ခုနှစ်တွင် ခရီးသည် ၄ ဒသမ ၃၆ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် သုည ဒသမ ၉ သန်းနှင့် ၂၀၂၁ ခုနှစ်တွင် သုည ဒသမ ၁၃ သန်းသာဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများအနေဖြင့် အခြားသောနိုင်ငံများနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် များစွာထိခိုက်ခဲ့ရာ အမြန်ဆုံးပြန်လည်နာလန်ထူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲကာ ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး ပြောင်းလဲလာသည့် ခရီးသွားလုပ်ငန်း၏ အလားအလာများနှင့် ကိုက်ညီသည့် ခရီးသွားလုပ်ငန်းများကို ပြန်လည်သုံးသပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ထားရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန်အတွက် မဟာဗျူဟာ ၁၈ ခုနှင့် လုပ်ငန်းစဉ် ၉၃ ခု ပါဝင်သည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅) ကိုလည်း ရေးဆွဲဆောင်ရွက်ထားပါကြောင်း၊ အဆိုပါမူဝါဒအရ လတ်တလော၊ ကာလလတ်နှင့် ကာလရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်း လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် ခရီးသွားများ၏ ယုံကြည်မှုတည်ဆောက်နိုင်ရန် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် Enchanting Myanmar Health and Safety Protocols-HSP အသိအမှတ်ပြုလက်မှတ်များကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် စသည်ဖြင့် ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အဟန့်အတားမဲ့ ခရီးသွားလုပ်ငန်းစီမံချက် ၂၀၂၂- ၂၀၂၅ ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် ခရီးသွားလုပ်ငန်းဆိုင်ရာအသိပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ပြည်တွင်း ပြည်ပလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြည်ဝင်ခွင့်ဗီဇာများကို ပြန်လည်ခွင့်ပြုပေးခြင်းတို့ကြောင့် ပြည်ပခရီးသည်များကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွားလာနေထိုင်ခွင့်ပြုထားပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို မော်လ်ဒိုက်နိုင်ငံ ခရီးသွားလုပ်ငန်း ရွှေရတုအထိမ်းအမှတ်အခမ်းအနားနှင့် ပူးတွဲကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ထို့နောက် အစီအစဉ်အရ (၃၅) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

အစည်းအဝေးကို မော်လ်ဒိုက်နိုင်ငံက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မလေးရှားနိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးအစီအစဉ်အတည်ပြုခြင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ရည်မှန်းချက်၊ ဦးစားပေးအစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်ပြခြင်း၊ အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် အမြင်သဘောထားများကို ဆွေးနွေးခြင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးနှင့် ဦးမော့လာစေရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ဆွေးနွေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ပြုစုပြီး မူကြမ်းနှင့်ပတ်သက်၍ ကျောက်ခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျသက်တမ်းတွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ပြည့်ပြည့်စုံစုံရေးသားနိုင်ရန်အတွက် လက်တွေ့တူးဖော်သုတေသနပြုသည့် ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အတွေ့အကြုံရင့် အရာရှိကြီးများ၊ လက်တွေ့ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်ကြီးများ၊ ဝန်ထမ်းများ၏ ကျောက်ခေတ်ကာလ သမိုင်းစဉ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှနှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အကြံပေးပညာရှင်များ၊ ကျောက်ခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လေ့လာသူဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့သမိုင်းအဖွဲ့ပညာရှင်များ ပြုစုရေးသားထားသော သမိုင်းစဉ် (မူကြမ်း) များအနက်မှ **"ကျောက်ခေတ်ကာလသမိုင်းစဉ်"** အကြောင်းကို တာဝန်ယူပြုစုသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှက ရှင်းလင်းတင်ပြပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း (ပြည်) ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်က ၎င်းလက်တွေ့ကွင်းဆင်း သုတေသနပြု တွေ့ရှိခဲ့သော **"ကျောက်ခေတ်သုတေသန"** လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်ခေတ်ဦး (ကျောက်ခေတ်ဟောင်း)ခေါ် အညာသားယဉ်ကျေးမှု စတင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၇၅၀၀၀၀ မှ ၂၇၅၀၀၀ အတွင်းမှစတင်၍ ကျောက်ခေတ်သမိုင်းစဉ်ကို ရှင်းလင်းဆွေးနွေးကြပြီး ခိုင်မာသော အထောက်အထားများ၊ သက်တမ်းတွက်ချက်မှုများနှင့် ချိတ်ဆက်ဆွေးနွေးသုံးသပ်ကြသည်။

မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ကျောက်ခေတ်ကာလ သမိုင်းစဉ်တွင် ကျောက်ခေတ်ဦး (ကျောက်ခေတ်ဟောင်း)၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်ကာလယဉ်ကျေးမှုများပါဝင်ပြီး ဆွေးနွေးဖြည့်စွက်ချက်များကို ပြန်လည်ပြင်ဆင်၍ ဒုတိယအကြိမ်ထပ်မံဆွေးနွေး အတည်ပြုမည်ဖြစ်ကာ မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ပျူခေတ်သမိုင်းစဉ်ဆွေးနွေးပွဲကို ဇွန် ၂၀ မှ ၂၂ ရက်အထိ အမျိုးသားပြတိုက် (ရန်ကုန်) တွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူပညာရှင်များ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ ပါဝင်ဆွေးနွေးလိုသည့် ပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် သုတေသနပြုတွေ့ရှိချက်များ၊ တွေ့ရှိထားသည့် ခိုင်မာသော အထောက်အထားများကိုပါ ပူးတွဲယူဆောင်၍ အထောက်အထား တင်ပြဆွေးနွေးရန် လိုအပ်ကြောင်းနှင့် **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ညွှန်ကြားရေးမှူး ဖုန်း -၀၉၅၀၆၁၈၃၂၊ Email : department of archaeologyygn @gmail.com** များသို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းရန်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သမိုင်းခေတ်များနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ပညာရှင်များ စုဖွဲ့ပြုစုရေးသား ထုတ်ဝေခဲ့သော **"အခြေပြမြန်မာနိုင်ငံရေးသမိုင်း"** ကိုသာ ကိုးကားခဲ့ရပြီး နှစ်ပေါင်း ၅၀ ကျော်လွန်ပြီဖြစ်သည့် ယခုကာလတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ကျောက်ခေတ်သမိုင်းစဉ်ဆိုင်ရာ သုတေသနပြုမှု အကြိမ်ပေါင်းများစွာမှ အသစ်အသစ်သော တွေ့ရှိချက်များ တွေ့ရှိခဲ့ရကာ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် အချို့သမိုင်းခေတ်များမှာ များစွာပီပြင်ပုံပေါ်လာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ သမိုင်းခေတ်များကို ပြန်လည်ပြင်ဆင်ရေးသားပြုစုထုတ်ဝေရန် လိုအပ်လာပြီဖြစ်ပြီး ပြည်တွင်း/ ပြည်ပ သုတေသီများ၊ ကျောင်းသားလူငယ်များ၊ ပြည်သူလူထုများအနေဖြင့် မြန်မာနိုင်ငံ၏သမိုင်းစဉ် ပြောင်းလဲဖြစ်တည်မှုကို သိရှိကိုးကားနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

## တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေး ဓာတ်ခွဲခန်း၌ လုပ်ငန်းများ စတင်ဆောင်ရွက်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေး ဓာတ်ခွဲခန်း၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ယင်းအာကာသဆိုင်ရာဓာတ်ခွဲခန်းသည် တရုတ်နိုင်ငံအန်ဟူးပြည်နယ်တွင် အခြေစိုက်ပြီး အန်ဟူးပြည်နယ် အမျိုးသားအာကာသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့နှင့် တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

ယခုကဲ့သို့ အာကာသဆိုင်ရာဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် တီထွင်ဆန်းသစ်မှုဆိုင်ရာ အရေးကြီးသည့်ခြေလှမ်းဖြစ်ပြီး နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာကဏ္ဍကို အားဖြည့်ရာရောက်ကြောင်း တရုတ် အမျိုးသားအာကာသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့မှ တာဝန်ရှိသူ ဇန်ကီကျန်းက ပြောကြားသည်။ အဆိုပါဓာတ်ခွဲခန်းအား အမျိုးသားအဆင့် သိပ္ပံဆိုင်ရာဓာတ်ခွဲခန်းမှ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ





## အမေရိကန်နိုင်ငံ၌ သီတင်းပတ်အတွင်း ကလေးငယ် ၈၈၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

လော့စ်အိန်ဂျလိစ် ဇွန် ၁၄

အမေရိကန်နိုင်ငံ၌ ဇွန် ၉ ရက်တွင် ကုန်လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ကလေးငယ် ၈၈၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းက ဇွန် ၁၃ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ကလေးငယ် ၁၃ ဒသမ ၅ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် လွန်ခဲ့သည့်သီတင်း လေးပတ်အတွင်း ကလေးငယ် ၃၉၅၀၀၀ နီးပါး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ယခုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအရေအတွက်သည် ၅ ဒသမ ၆ သန်းခန့်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၇ သန်းကျော်၊ အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း တစ်သန်းကျော်နှင့် ပြန်လည်ကျန်းမာလာသူပေါင်း ၈၃ သန်းကျော် ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈ ဒသမ ၂၃ သန်းကျော် ရှိလာ

ဆိုးလ် ဇွန် ၁၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၇၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၈၂၃၉၀၅၆ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၄၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ဇွန် ၁၂ ရက်တွင် ကူးစက်ခံရသူ ၃၈၂၈ ဦးရှိခဲ့ခြင်းကြောင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကူးစက်ခံရသူအရေအတွက်သည် သုံးဆနီးပါး မြင့်တက်လာခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၄၃၉၀ ရှိလာကြောင်း တောင်ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၆ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဇွန် ၁၄

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၆ ဦး ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ယခုတွေ့ရှိရသည့် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများမှာ နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် မြို့ပေါင်း ၃၉ ခုမှ ဖြစ်ကြောင်း သိရသည်။

မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဗဟိုဖြစ်လာပြီး ၁၅၁ ဦး ထပ်မံကူးစက်ခံရကာ နိုင်ငံအလယ်ပိုင်းဒေသ ဒါနန်းမြို့တွင် ၆၄ ဦး ထပ်မံကူးစက်ခံရ၍ မြောက်ပိုင်း ဖူသိုးပြည်နယ်တွင် ၅၆ ဦး ထပ်မံကူးစက်ခံရသည်။

### ထိုးနှံပေး

လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၇၃၃၂၈၅ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၄၃၀၈၃ ဦး ရှိကာ ပြန်လည်ကျန်းမာလာသူ ၉၅၆၈၈၈၈ ဦးရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၂၄ သန်း ထိုးနှံပေးခဲ့ပြီး ၎င်းတို့အနက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၁ ဒသမ ၁ သန်းကို အသက် ၁၈ နှစ်နှင့်အထက် ရှိသူများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## တရုတ်နိုင်ငံ၌ ၂၀၃၅ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှု ခံနိုင်ရည်ရှိသည့်အသိုက်အဝန်း တည်ထောင်မည်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များကို ခံနိုင်ရည်ရှိသည့် အသိုက်အဝန်းကို တည်ထောင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှု ကာကွယ်ရေးစွမ်းရည်များကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး တိုးတက်မှုများရရှိနေကြောင်း သိရသည်။

### ကြိုးပမ်းဆောင်ရွက်သွားမည်

ယခုဆောင်ရွက်မည့် အစီအစဉ်အရ ၂၀၃၅ ခုနှစ်တွင် ကမ္ဘာ့အဆင့်မီ ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်ရေးနှင့် ရာသီဥတုဘေးကြိုတင်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ၂၀၁၃ ခုနှစ်မှစတင်၍ ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးကို နိုင်ငံ၏ ဒေသများနှင့် စက်မှုလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

■



## ဗြိတိန်၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၀၄ ဦး စံချိန်တင်တွေ့ရှိ

လန်ဒန် ဇွန် ၁၄

ဗြိတိန်၌ လွန်ခဲ့သည့်တစ်ရက်အတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၀၄ ဦး စံချိန်တင်တွေ့ရှိခဲ့ကြောင်းနှင့် လက်ရှိတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၄၇၀ ရှိလာကြောင်း ဗြိတိန်ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

လူတိုင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရနိုင်ကြောင်း၊ အထူးသဖြင့် ရောဂါလက္ခဏာရှိသူနှင့် အနီးကပ်ထိတွေ့ဖူးပါက ကူးစက်မှုပိုမိုလွယ်ကူကြောင်း အဆိုပါ ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

လက်ရှိ ဗြိတိန်၌ မျောက်ကျောက်ရောဂါကူးစက်ခံရမှုတွင် အင်္ဂလန်နိုင်ငံ၌ ၄၅၂ ဦး၊ စကော့တလန်နိုင်ငံ၌ ၁၂ ဦး၊ ဝေးလ်နိုင်ငံ၌ လေးဦးနှင့် မြောက်အိုင်ယာလန်နိုင်ငံ၌ နှစ်ဦးအသီးသီး ကူးစက်ခံထားရကြောင်း သိရသည်။

ဗြိတိန်ကျန်းမာရေး အေဂျင်စီ၏ အချက်အလက်များသည် မျောက်ကျောက်ရောဂါပြန့်ပွားမှု အန္တရာယ်များကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်းလည်း အရှေ့အန်ဂလီယာတက္ကသိုလ်ရှိ နော့ဝှစ်ချ်ဆေးကျောင်းမှ ဆေးဘက်ဆိုင်ရာ ပါမောက္ခ ပေါလ်ဟန်တာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်း အားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည် ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ် ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေး တွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေ ရန်နှင့် ကျောင်းသား ကျောင်းသူ၊ ဆရာ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက် ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး သရက် မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဝင်းအတွင်းရှိ ကျောင်းဆောင်အုတ်နံရံများ၌ အကြမ်း ဖက်သမားများက ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားထားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်းရှိ တေဇအဆောင်(၆)ခန်းတွဲ အရှေ့ဘက် အုတ်နံရံ၌ "CDM မလုပ်တဲ့ ဆရာ ဆရာမ များ အသေဆိုးနဲ့သေပါစေ၊ Grade-7 "ရွှေသွေး" အဆောင်အတွင်းအုတ်နံရံ၌ "စစ်ကျွန်ပညာရေး အားမပေး"၊ Grade-10 "အောင်ရတနာ"အဆောင်(၃) ခန်းတွဲ အတွင်းအုတ်နံရံ၌ "ကျောင်းတက်နေတဲ့ ကျောင်းသားတွေ သေတဲ့သူတွေ အားနာပါဦး" ဟူသော ဆန့်ကျင်ခြိမ်းခြောက်စာများအား အနက် ရောင်၊ အနီရောင်မှတ်ဆေးများဖြင့် ရေးသားထား သည်ကို တွေ့ရှိခဲ့ရသဖြင့် ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။



သရက်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်အုတ်နံရံများ၌ အကြမ်းဖက်သမားများက ဆန့်ကျင်ခြိမ်းခြောက်စာများရေးသားထားသည်ကို တွေ့ရစဉ်။

ထို့ပြင် ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ စစ်ကိုင်းပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မြတ်မြတ်သော် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသို့ PDF အမည်ခံအကြမ်းဖက်သမားက ဖုန်းအမှတ် ၀၉-၇၈၂၅၀၅၉၅၈ ဖြင့် "စစ်ကိုင်း PDF ထံသို့ အလှူငွေ ငါးသိန်းပေးသွင်းရန်၊ ဝန်ထမ်းများ အားလုံး CDM ပြုလုပ်ရန်၊ အလှူငွေမထည့်တဲ့ ဝန်ထမ်းအားလုံး ၎င်းတို့အဖွဲ့မှ စောင့်ကြည့်ရှင်းလင်း ပစ်မည်"ဟု ခြိမ်းခြောက်စာရေးသားထားသည့် Message များ ပေးပို့ခြိမ်းခြောက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိ သည်။

အလားတူ ဇွန် ၁၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျွန်းတော ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကလေး သူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိထွေးပါ ကျောင်းဆရာ တစ်ဦး၊ ဆရာမလေးဦးတို့အား PDF အမည်ခံအကြမ်း ဖက်သမားများက မိုးစစ်ကျေးရွာသို့ ဖမ်းဆီးခေါ် ဆောင်သွားပြီး ဆရာ ဆရာမများအား "ကလေး သူငယ်များကို ဆက်လက်၍ ပညာသင်ကြားခြင်း မပြုရန်နှင့် CDM ပြုလုပ်သွားရန်" ပြောဆိုခြိမ်း ခြောက်ကာ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်၌ ပြန်လည် စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့် ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင် စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက် များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေ သော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရား များ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိ ရပ်ကွက်နေ စပယ်စိုး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Sapal Soe" Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ နောင်ပါ ရင်ရပ်ကွက်နေသူများဖြစ်သည့် အောင်ကျော်ဦး(၆၄)နှစ်နှင့် အေးချမ်းခင်(၂၈)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Aung Kyaw Oo" Facebook အကောင့်နှင့် "Aye Chan Khin" Facebook အကောင့် တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

(၂၀၂၀)ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်းမရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ်မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့ တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွှယ်တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၉၀,၅၁၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၄၆၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၄၃၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၃၀) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၇) ခု | (၂)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၉၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၇၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၄၇) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၄၄) ခု | (၁)ဦး |
| စုစုပေါင်း | (၆,၄၁၃) ခု | (၈)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၄၂၄၈၄၆ | ၈၃၂၄၅၇၉၈ | ၁၀၃၆၀၈၄ |
| ၂။ | အိန္ဒိယ | ၄၃၂၃၆၆၉၅ | ၄၂၆၆၁၃၇၀ | ၅၂၄၇၇၇ |
| ၃။ | ဘရာဇီး | ၃၁၄၉၇၀၃၈ | ၃၀၂၁၉၂၃၆ | ၆၆၈၂၃၀ |
| ၄။ | ပြင်သစ် | ၂၉၈၅၈၃၉၃ | ၂၉၂၄၂၅၂၄ | ၁၄၈၈၄၁ |
| ၅။ | ဂျာမနီ | ၂၆၈၈၆၄၄၇ | ၂၅၉၉၉၁၀၀ | ၁၄၀၂၁၃ |
| ၆။ | ဗြိတိန် | ၂၂၄၁၀၅၈၃ | ၂၂၀၄၅၃၈၉ | ၁၇၉၂၇၄ |
| ၇။ | ရုရှား | ၁၈၃၈၂၃၈၀ | ၁၇၈၀၁၅၆၉ | ၃၈၀၁၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၃၉၀၅၆ | ၁၈၀၂၈၈၉၉ | ၂၄၃၉၀ |
| ၉။ | အီတလီ | ၁၇၆၆၄၀၄၃ | ၁၆၈၇၉၆၈၃ | ၁၆၇၄၃၂ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၃၂၈၅ | ၉၅၆၈၈၈၈ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၂၀၀၉ | ၅၉၀၀၀၄၉ | ၁၅၆၆၆၂ |
| ၃။ | မလေးရှား | ၄၅၂၈၃၉၀ | ၄၄၇၀၀၆၇ | ၃၅၇၁၆ |
| ၄။ | ထိုင်း | ၄၄၈၈၄၉၇ | ၄၄၃၆၆၈၄ | ၃၀၃၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၃၈၆၅ | ၃၆၃၀၂၇၄ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၄၃၆၄၅ | ၁၂၆၃၆၅၃ | ၁၃၉၈ |
| ၇။ | မြန်မာ | ၆၁၃၄၆၀ | ၅၉၂၄၃၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၆၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၄၁၃၃ | ၁၅၀၈၆၅ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မြစ်ကြီးနား | ပုသိမ် | မြိတ် | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၆၀ |
| 95 Ron | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၃၉၀ | ၂၃၇၀ | ၂၄၆၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၉၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၀၅ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၄၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၄၅ | ၂၆၅၅ | ၂၆၈၅ | ၂၆၉၀ | ၂၆၉၀ | ၂၉၁၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၀ | ၂၇၀၀ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၅ | ၂၇၁၅ | ၂၇၁၅ | ၂၇၂၀ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၀ | ၂၇၀၀ | ၂၆၆၅ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၀ | ၂၆၈၅ | ၂၇၁၅ | ၂၇၁၅ | ၂၇၂၀ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၃ | ၂၂၂၀ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၄၉၀ | ၂၅၆၉ |
| HSD (50 ppm) | ၂၅၁၈ | ၂၅၉၈ |
| HSD (10 ppm) | ၂၅၁၈ | ၂၅၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ဗုဒ္ဓဘာသာ အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာ အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော်မြောက်ဘက်မုခ်ရှိ ထီးတော်ရုံတန်ဆောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဌေးလှိုင်က ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ ဗုဒ္ဓဝေယျာဝစ္စများဆောင်ရွက်ရာတွင်လည်းကောင်း၊ ဘုရားဖူးများကို ဝန်ဆောင်မှုပေးရာတွင်လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီပြီး အဆင့်အတန်းမြင့်မားလာစေရန်လည်းကောင်း ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြဆရာကြီး ဦးဟန်(မဟာသဒ္ဓမ္မဇောတိကဓဇ)က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ မုဒိတာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကရုံးမှ ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၉ ဦး တတ်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇွန် ၂၇ ရက်အထိ ရက်သတ္တ နှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

## လွိုင်လင်ခရိုင်၌ မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုး

**လွိုင်လင် ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲက လွိုင်လင်ဂေါက်ကလပ်၌ ကျင်းပသည်။

**သစ်ပင်ပေါင်း ၃၇၃၃၀ စိုက်ပျိုးသွားမည်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ၂၀၂၂ ခုနှစ် မိုးအကြိုနှင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ပွဲတော်ပေါင်း ၅၄ ပွဲ၊ သစ်တောသစ်ပင်ပေါင်း ၃၇၃၃၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိမှာ ပွဲ ၅၀၊ သစ်တောသစ်ပင် ၃၅၈၄၉ ပင် စိုက်ပျိုးခဲ့ပြီး စိုက်ရန်ကျန် လေးပွဲကိုလည်း ယခုဇွန်လအတွင်း အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီမှာ သစ်မျိုး ၅၆ မျိုး၊ ပျိုးပင်ပေါင်း ၂၉ သိန်းအားပျိုးထောင်ထားရှိပြီး အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေး၊ ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေး အစရှိသည့် စီမံချက်များအရ သစ်တောသစ်ပင် ခုနစ်သိန်းအားစိုက်ပျိုးပြီးဖြစ်သကဲ့သို့ ဌာနဆိုင်ရာ၊ တပ်ရင်းတပ်ဖွဲ့နှင့် ပြည်သူလူထုသို့ သစ်တောသစ်ပင်လေးသိန်းအား ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည့် လွိုင်လင်ဂေါက်ကလပ်အတွင်း အပင်အမြင့်သုံးပေနှင့် အထက်ရှိသည့် ခါတော်မီ၊ ရေသင်းဝင်၊ ချယ်ရီ၊ စိန်ပန်းအနီ/အပြာနှင့် ငုချယ်ရီပင် စုစုပေါင်း အပင် ၁၃၅၀ စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ လွိုင်လင်ခရိုင် မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်ပင် ၁၅၀၊ ခါတော်မီပင် ၃၀၀၊ ချယ်ရီပင် ၃၀၀၊ စိန်ပန်းနီပင် ၂၅၀၊ စိန်ပန်းပြာပင် ၂၅၀၊ ချယ်ရီပင် ၁၀၀ စိုက်ပျိုးပေးကြကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပင်လုံတက္ကသိုလ်ကျောင်းဝင်း၌ မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို တက်ရောက်ကာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး သစ်ပင်များစိုက်ပျိုးရန် ပျိုးပင်များကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တိုင်းမှူးဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးပေးကြပြီး ပင်လုံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သစ်ပင်စိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပင်လုံတက္ကသိုလ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်ပင် ၁၅၀၊ ခါတော်မီပင် ၁၅၀၊ ချယ်ရီပင် ၂၀၀၊ စိန်ပန်းနီပင် ၁၀၀၊ စိန်ပန်းပြာပင် ၁၅၀၊ ငုချယ်ရီပင် ၅၀ စုစုပေါင်းအပင် ၈၀၀ စိုက်ပျိုးပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

၀

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကျုံပျော်မြို့တို့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၁၄

လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကျုံပျော်မြို့တို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမများ၌ ပြုလုပ်ရာ သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဆိပ်ခံဇောတံတား တည်ဆောက်မည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဆိပ်ခံဇောတံတားတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဆိပ်ခံဇောတံတားအား ပဲခူးမြစ်ဘက်အခြမ်း၊ MV-705 သင်္ဘောပြခန်းအနီးတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိကာ ဆိပ်ခံဇောတံတားကို ယခုနှစ်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆိပ်ခံဇောတံတား တည်ဆောက်ပြီးသွားရင် ဟိုတယ်နဲ့ ခရီးသွားကို ချိတ်ဆက်ပြီး နိုင်ငံခြားခရီးသွားပို့ဆောင်ရေးဂိတ်ကို တိုးချဲ့သွားမယ့်အပြင် ပြည်တွင်းခရီးသွားအတွက် ပန်းဆိုးတန်းဆိပ်ကမ်းကပြေးဆွဲနေတဲ့ Star City ခရီးသွားသင်္ဘော ဆိုက်ကပ်နိုင်အောင် ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

မိုးရာသီကာလတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရုံးဖွင့်ရက်၌ တစ်ရက်လျှင် ခရီးသွားဦးရေ ၄၀၀ မှ ၅၀၀ အထိ၊ ရုံးပိတ်ရက်တွင် ခရီးသွား၂၀၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိပြီး နေ့စဉ် ပြည်ထောင်စုခန်းမ၌ တိုင်းရင်းသားများက ရိုးရာအဆို၊ အကဖြင့်ဖျော်ဖြေပေးလျက်ရှိသည်။ ဆိပ်ခံဇောတံတားပြီးစီး၍ နိုင်ငံခြားခရီးသွားများ ဝင်ရောက်လာပါက တိုင်းရင်းသားရိုးရာအစားအစာများကို ကိုယ်တိုင်ချက်ပြုတ်စားသုံးနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)



## လားရှိုးမြို့၌ ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

နေပြည်တော် ဇွန် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းရေး အသိပေးနှိုးဆော်မှုပိုစတာများ စိုက်ထူခြင်းကို ဇွန် ၁၃ ရက်က လားရှိုးခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ လားရှိုး-မန္တလေးကားလမ်းဘေးတွင် ပြုလုပ်သည်။

**ဆောင်ရွက်**

ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာပညာပေးဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လားရှိုးမြို့ ရပ်ကွက်(၁၂) အပိုင်း(၂၀)ရှိ အေဒီချောင်းဘေးအနီး တစ်နိုင်တစ်ပိုင်မိသားစု ငါး၊ ပုစွန် ရှာဖွေစားသောက်သော ပြည်သူများကို ယနေ့နံနက် ၉ နာရီခွဲတွင် ငါးရစ်ငါးသန်ကာလ ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာ ဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို လားရှိုးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ဇော်မြင့်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

နေပြည်တော် ဇွန် ၁၄

**အကြီးတော်ချုပ်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ တင့်ထွန်း(ချောက်)၏ "အကြီးတော်ချုပ်" စာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဦးကဗျာန် (ဥက္ကာပျံ)၊ ဝန်ကြီးပဒေသရာဇာ၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ စိန္တကျော်သူ ဦးဩ၊ နေမျိုးမင်းလှကျော်သူ ဦးယာ၊ လက်ဝဲသုန္ဒရ၊ မင်းရဲရာဇာဘွဲ့ခံ ဦးဖျော်၊ ပခန်းမင်းကြီး ဦးရန်ဝေးနှင့် အကြီးတော်ချုပ် ဦးသံမှိုဟူ၍ အခန်း ၉ ခန်း၊ ခေါင်းစဉ် ၉ ပုဒ် ပါဝင်သည်။

အခန်းတစ်ခန်းစီတွင် စာဆိုတစ်ဖြစ်လည်း အကြီးတော်တို့၏ ထင်ရှားသော စာပေလက်ရာများ၊ သမိုင်းတွင်သော အဆိုအမိန့်များ၊ ဘဝဇာတ်ကြောင်း ရေးသားပြုစုခဲ့သော စာပေ၊ ထိုခေတ်ကထင်ရှားခဲ့သောစာပေကဏ္ဍများ၊ ခေတ်ပြိုင်စာဆိုများ၊ ခေတ်ကာလအခြေအနေနှင့် လူမှုအဆင့်အတန်း၊ စာပေချစ်မြတ်နိုးသူ အုပ်ချုပ်သူမင်းနှင့် တော်ဝင်မိသားစုများ၊ အကြီးတော်တို့၏ ဂုဏ်ယူလေးစား မြတ်နိုးဖွယ်စိတ်ဓာတ်၊ ဆရာကောင်းပီပီ ကိုယ်ကျိုးစွန့်တတ်သော စိတ်ဓာတ်၊ တပည့်များ ကြုံတွေ့ရသော လောကဓံလှိုင်းနှင့်အတူ အကြီးတော်တို့ပါ လိုက်ပါရပုံများ စသည်တို့ကို အကိုးအကားနှင့်အညီ သိုက်သိုက်ဝန်းဝန်း ရေးသားထားသည်။

ခေတ်အဆက်ဆက် မြန်မာစာပေအခန်းကဏ္ဍနှင့် သမိုင်းကို လေ့လာနိုင်သည့်အတွက် မြန်မာစာပေချစ်မြတ်နိုးသူများ၊ မြန်မာ့သမိုင်းကို စိတ်ဝင်စားသူများနှင့် ဗဟုသုတလေ့လာရှာမှီးလိုသူအားလုံးအတွက် ဖတ်ရှုသိမ်းဆည်းထိုက်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**မုဒိတာရင်ခွင် ကဗျာများ**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ချစ်စုအောင်၏ "မုဒိတာရင်ခွင် ကဗျာများ" စာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်း "မုဒိတာရင်ခွင် ကဗျာများ" စာအုပ်တွင် ကဗျာရေးသူသည် အကြောင်းအရာအပိုင်း၌ ဘဝထဲကအတွေ့အကြုံများ၊ ဓမ္မနှင့် စာပေထဲက အလေ့အထုံများဖြင့် လေးနက်ကျယ်ပြန့်စွာ ကွန်ရက်ဖွဲ့ထားသည်ကို တွေ့ရသည်။ ကဗျာအများစုကို လေးလုံးစပ်လင်္ကာကဗျာဟန်ဖြင့် အဓိက အခြေခံရေးဖွဲ့သော်လည်း အချိုးတွဲ၊ လေးချိုး၊ အိုင်ချင်း၊ လွမ်းချင်း၊ ကာချင်း၊ တျာချင်း၊ နွယ်သာကီသံပြတ်၊ တေးထပ်စသည့် ဂန္ထဝင်ဟန်ပုံသဏ္ဌာန်၊ မှန်ကန်သည့် စပ်ထုံးဖွဲ့နည်းတို့ဖြင့်လည်း ရေးဖွဲ့ထားရာ မြန်မာကဗျာ ရိုးရာရေးနည်းရေးဟန်မှုများကိုလည်း စုံလင်စွာတွေ့ရသည့်အပြင် အကြောင်းအရာနှင့် လိုက်ဖက်သော ပုံသဏ္ဌာန်ရေးဟန်များဖြင့်လည်း ရေးဖွဲ့ထားသည့် စာအုပ်ဖြစ်သည်။ ကဗျာချစ်သူ၊ စာဖတ်သူတို့ကို ကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် လူသားဆန်သည့် ရုပ်အမူအရာ၊ စိတ်အမူအရာများ ပေးစွမ်းနိုင်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုလောမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မြိတ် ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတထိန်းသိမ်းရေးပညာပေးစာသားပါ မြေစိုက်ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ပုလောမြို့ အမှတ်(၁)ရပ်ကွက် ဆိပ်ကမ်းရှိ ရေလုပ်သားများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ယနေ့နံနက် ၁၀ နာရီက ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့တွင် အများပြည်သူများ လိုက်နာရမည့် ငါးလုပ်ငန်းဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် တားမြစ်ထားသော ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများမပြုလုပ်ကြရန်စသည့် အချက်များပါဝင်သော မြေစိုက်ပိုစတာများ၊ လက်ကမ်းစာစောင်များကို စိုက်ထူ၍ ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

သာမန်ဖျားနာခြင်းလောက်သာဆိုလျှင် တော်ပါသေးသည်။ ယခုလို လူတကာကြောက်ရွံ့လေ့ရှိသော ရောဂါမျိုး စွဲကပ်နေသည်ဟု သိရသောအခါ ကိုကျော့မောင် အခက်တွေ့ရသည်။ ကိုမောင်မောင်ဦးတွင် သည်ရောဂါမျိုးရှိနေသည်ဟု သိရလေလျှင် မည်သည့်နည်းနှင့်မျှ အိမ်တွင် ပြန်လည်လက်ခံ၍ မဖြစ်နိုင်တော့သည်ကို သဘောပေါက်သည်။

သို့ဖြင့် ကိုကျော့မောင်သည် ကိုမောင်မောင်ဦးနှင့် စပ်လျဉ်း၍ အတွေးရခက်လာသည်။ အစဉ်းစားရ ကျပ်လာသည်။

သည်အတွင်း အကြံတစ်ခုရလာသည်။ ကိုမောင်မောင်ဦးကိုယ်တိုင်က ဆန္ဒရှိသော၊ သူကိုယ်တိုင်ကလည်း ဖြစ်စေချင်သော၊ အခြေအနေအရလည်း ဖြစ်သင့်ဖြစ်ထိုက်သည်ဟုထင်သော ကိစ္စတစ်ရပ်ကို ဖန်တီးလာလိုခြင်းဖြစ်သည်။ ၎င်းမှာ ကိုမောင်မောင်ဦးအား နန်းကိန္နရီနှင့် ဆုံတွေ့ပေးလိုခြင်း ဖြစ်သည်။ နန်းကိန္နရီထံမှ တစ်နည်းမဟုတ် တစ်နည်းဖြင့် အကူအညီရယူလိုခြင်း ဖြစ်သည်။

စင်စစ် ဖြစ်စေလိုသည်မှာ ကိုမောင်မောင်ဦးအား ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် တိုက်ရိုက်တွေ့ဆုံပေးလိုခြင်းပင်ဖြစ်သည်။ ကိုမောင်မောင်ဦး အဖျားတက်နေစဉ်က သည်မိန်းမကို အဘယ်မျှ တမ်းတမ်းဆွတ်ဆွတ်ရှိခဲ့သည်ကို မြင်ရသည်။ ထိုမိန်းမကို သူ အဘယ်မျှ ခွဲခွာလမ်းလမ်းရှိသည်ကိုလည်း သိသည်။ သို့ဖြင့် ဖြစ်နိုင်မည်ဆိုလျှင် ထိုမိန်းမနှင့် သူငယ်ချင်း ဖြစ်သူကို ကြုံဆုံစေရန် ဖန်တီးပေးလိုက်ချင်သည်။ သူတို့ချင်း ပေါင်းပြေလည်လည် ဖြစ်စေလိုလျက်လည်း ရှိသည်။

သို့တိုင်အောင် တစ်ချိန်က အဖြစ်အပျက်ကြောင့် သည်အထိ သူမဝံ့ရဲသေး။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် တိုက်ရိုက်တွေ့ဆုံရန် သူကိုယ်တိုင်ပင် စိုးရွံ့မိသလို ရှိနေခဲ့လေသည်။

ယခုအခါ ကိုကျော့မောင်ကိုယ်တိုင်ပင် နန်းကိန္နရီအား ကိုမောင်မောင်ဦး၏သမီး၊ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့၏ ရင်သွေးအဖြစ် မှတ်ထင်ထားမိသည်။ သည်အတိုင်းဆိုပါက နန်းကိန္နရီသည်လည်း ကိုမောင်မောင်ဦးအား မြင်တွေ့ချင်မည်အမှန်။ သည်မိန်းကလေးသည် ကိုမောင်မောင်ဦးအား စိမ်းကားလိမ့်မည် မဟုတ်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် အကူအညီလည်း ပေးနိုင်လိမ့်မည် ထင်သည်။

နောက်တစ်ခုမှာ နန်းကိန္နရီမှတစ်ဆင့် ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ ပြန်လည်ဆက်သွယ်မိလေမလား။ ယင်းသို့ဖြင့် အနှစ်နှစ်အလလက တင်ရှိနေခဲ့သော သံသယစိတ်များ၊ မုန်းတီးနာကြည်းမှုများ ပြေပျောက်သွားခြင်း ရှိလာလိမ့်မလားဟု ကိုကျော့မောင် ထင်နေသည်။ ထိုသို့ ဖြစ်လာစေရန်လည်း မျှော်လင့်သည်။ တောင့်တသည်။

သူသည် တစ်ချိန်က ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့အတွက် အဆိုးကို ဖန်တီးခဲ့ဖူးသည်။ ယခုအခါ အကောင်းကို ဖန်တီးပေးခြင်းဖြင့် တစ်ချိန်ကအပြစ်ကို ချေပလိုသည်။

သူသည် နန်းကိန္နရီနှင့်ဆက်သွယ်ရန် ဆန္ဒပေါ်ပေါက်လာသည်။ ထိုအခါ ကိုငုက်ရိုးကို သတိရလာသည်။ ကိုငုက်ရိုးမှတစ်ဆင့် ဆက်သွယ်ရန် အကြံရသည်။

ကိုငုက်ရိုး၏စကားအရ နန်းကိန္နရီကို ဆက်သွယ်ရန် နည်းလမ်းကို သူရခဲ့ပေပြီ။ မည်သို့မည်ပုံ ဆက်သွယ်ရမည်ကို သိခဲ့ရလေပြီ။ သို့တိုင်အောင် တကယ်တမ်း အဆက်အသွယ် ပြုရတော့မည်ဆိုသောအခါ ရင်မှာ ခုန်နေမိသေးသည်။ အလိုလို နေရင်း စိုးရွံ့စိတ် ဝင်လာခဲ့သေးသည်။

ကိုကျော့မောင် ဆုံးဖြတ်ချက် ချလိုက်သည်။ မည်သို့ဆိုစေ နန်းကိန္နရီနှင့် အဆက်အသွယ်ပြုမည်။ အရာရာကို ကိစ္စပြီးမြောက်သည်အထိ ဆောင်ရွက်မည်။

သို့ဖြင့် သူသည် တယ်လီဖုန်းရှိရာသို့ ရောက်လာသည်။ တယ်လီဖုန်း လမ်းညွှန်စာအုပ်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အမည်ကို ရှာသည်။ ကိုငုက်ရိုးပြောသည့်အတိုင်း တယ်လီဖုန်းနံပါတ်ကို ရှာတွေ့သည်။ အင်း....ကိုငုက်ရိုးက ဘယ်ဆိုးလို့တုံး။ လူပြက်ဆိုပေမဲ့ အလျင်သားပဲဟု ကိုကျော့မောင် တွေးမိသည်။

သူသည် တုန်ချင်လာသောလက်ကို ထိန်းချုပ်လျက် တယ်လီဖုန်းဒိုင်ခွက်မှ ဂဏန်းများကို လှည့်ချလိုက်သည်။

တယ်လီဖုန်းသည် တစ်ဖက်တွင် ကြာမြင့်စွာ မြည်နေသည်။ ရုတ်တရက် ကောက်ယူမည့်သူ မရှိခဲ့။ နောက်မှ တစ်စုံတစ်ယောက်က ကောက်ယူလိုက်ဟန် တူသည်။

"ဟယ်လို" ဟု ထူးဖော်ရလာသည်။ အသံမှာ မိန်းမတစ်ယောက်၏ အသံ။

"နန်းကိန္နရီနဲ့ စကားပြောချင်လို့ပါ"

ကိုကျော့မောင် အားတင်း၍ ပြောလိုက်ရသည်။ အစစ်ဆေး အမေးမြန်းခံရလေဦးမလား ထင်ဆဲ။

"အခုပြောနေတာ နန်းကိန္နရီပါ" တစ်ဖက်က ဆိုသည်။ တစ်ဆက်တည်းမှာပင် "ဘယ်သူပါလိမ့်" မေးလာသည်။

နန်းကိန္နရီနှင့် တန်းတန်းမတ်မတ် တိုးနေသောကြောင့် ကိုကျော့မောင် ဝမ်းသာသွားသည်။

"ဦးလေးနာမည်ကို တူမ သိမှာမဟုတ်ပါဘူး။ ဦးလေးကိုလည်း တူမ မသိပါဘူး။ ဒါပေမဲ့ ပြောရဦးမယ်။ ဦးလေးရဲ့နာမည်က ကျော့မောင်လို့ခေါ်တယ်"

ကိုကျော့မောင်၏စကားကြောင့် တစ်ဖက်က အံ့အားသင့်သွားပုံရသည်။ ဆန်းကြယ်သလိုဖြစ်သွားပုံရသည်။ တဒင်္ဂမျှ အသံတိတ်သွားသည်။

ပြီးမှ မေးလာသည်။

"အရီနဲ့ စကားပြောစရာ အထွေအထူးရှိလို့လား ဟင်"

"ရှိပြီကောလားကွယ်။ ဦးလေးနဲ့ တိုက်ရိုက်ပတ်သက်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ဦးလေးက တစ်ဆင့် ပတ်သက်နေတဲ့ လူတစ်ယောက်ရဲ့ကိစ္စ ဆိုပါတော့ကွယ်"

ကိုကျော့မောင် အားတက်သလိုရှိကာ သည်သို့ အစပျိုးသည်။

"အရီတော့ ဘာတစ်ခုမှ နားမလည်နိုင်အောင်ပဲ။ ကဲလေ ဆိုပါဦး၊ ကိစ္စကို"

"ဒီလိုပါ။ ဦးလေးဟာ ရေနံချောင်းသားပါ။ ဒေါ်ရေနံ့သာခင်ခင်ကြီးနဲ့ အသိအကျွမ်းထဲကပါပဲ။ အထူးသဖြင့် ဦးလေးနဲ့ ကိုမောင်မောင်ဦးတို့ ဗိုလ်ပြီးရင်းနှီးကြပါတယ်"

"ကိုမောင်မောင်ဦး"

"ဟုတ်တယ်။ ဒီနာမည်ကိုတော့ တူမ သိတယ်နော်၊ မှတ်မိတယ်နော်။ အေး အခုပြောချင်တာက သူ့အကြောင်းပဲ"

ကိုကျော့မောင်သည် သူနှင့်ကိုမောင်မောင်ဦး အဘယ်မျှ ရင်းနှီးကြကြောင်း၊ အဘယ်မျှ ခင်မင်ကြကြောင်းမှနေ၍ စကားစပျိုးသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် အဘယ်မျှ သံယောဇဉ်ကြီးကြကြောင်း၊ တစ်ယောက်အကျိုးကို တစ်ယောက် သယ်ပိုးရန် ဝန်မလေးကြကြောင်း ပြောရသည်။ ရက်မကြာမီက သူ့ထံကို ကိုမောင်မောင်ဦး ရောက်လာပုံကိုလည်းကောင်း၊ အပြင်းဖျားကာ ကယောင်ကတမ်း စကားဆိုပုံကိုလည်းကောင်း၊ သမီးဖြစ်သူအား တမ်းတပုံကိုလည်းကောင်း ရှည်လျားစွာ ပြောပြလိုက်သည်။

သူ့စကားကို နန်းကိန္နရီ ငြိမ်သက်စွာ နားထောင်နေသည်။ အသံသဲ့သဲ့သော်မျှမပြုဘဲ နားထောင်နေခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ ယင်းမိန်းကလေး အနေနှင့် သည်သို့ နားထောင်နေဖော်ရလျှင်ပင် ကျေနပ်စရာဖြစ်သည်ဟု ကိုကျော့မောင်ထင်သည်။

"အဲဒီတော့ အရီက ဘာလုပ်ပေးရမှာလဲဟင်"

ကိုကျော့မောင်၏ စကားဆုံး၍ အတော်ချည်းကြာမှ နန်းကိန္နရီ မေးသည်။

"ဦးလေး ဖြစ်စေချင်တာကတော့ သူ့ကို တူမ လာတွေ့စေချင်တာပါပဲကွယ်။ သူ့ကို တတ်နိုင်သမျှ အားပေးဖို့ပါပဲ။ အခုအချိန်မှာ သူဟာ သိပ်ကို စိတ်အားငယ်နေပုံရတယ်။ စင်စစ်မှာတော့ သူ့မှာက အတွယ်အတာဆိုလို့ရှိတာမဟုတ်ဘူးလေ။ တစ်ကောင်ကြွက်လို သိပ်အထီးကျန် ဆန်နေတာကလား။ ဒီကြားထဲ ရောဂါအခြေအနေတွေကလည်း ပြင်းထန်နေတော့ သူဟာ အားကိုးအားထားတစ်ခုခု ရှာချင်မှာပေါ့။ ပြီးတော့ ဒီအချိန်မှာ သမီးဖြစ်သူရဲ့ မျက်နှာကိုလည်း မြင်ချင်ရှာမှာ ကျိန်းသေပဲလေ"

တစ်ဖက်မှ တွေးတော စဉ်းစားနေဟန်ဖြင့် ငြိမ်သက်သွားပြန်လေသည်။ ကိုကျော့မောင်ကလည်း အဖြေကိုစောင့်ရင်း စကားမပြောဖြစ်ဘဲ ရှိရာ တယ်လီဖုန်းလိုင်းအတွင်း၌ မြည်လေ့ရှိသော စိုးစိုးစီစီအသံတို့သာ ပေါ်ထွက်နေသည်။

"ဦးလေး ဒီစကားပြောတာငွေညှစ်ချင်လို့များလား ဟင်"

နန်းကိန္နရီ၏အသံ ရုတ်တရက် ပေါ်ထွက်လာသည်။ သူ့စကားကြောင့် ကိုကျော့မောင် ချောက်ချားသွားသည်။

"ဘုရားပေးပေး၊ ကျမ်းပေးပေးပါ တူမရယ်။ ဒါကြောင့်မဟုတ်ရပါဘူး။ တစ်ချိန်တုန်းက တူမ ငွေညှစ်ခံရတဲ့ကိစ္စမှာ ဦးလေးကိုယ်တိုင်ပါခဲ့ပါတယ်။ 'က' ကနေ 'အ' အထိ အဲဒီအကြောင်းတွေ သိခဲ့ပါတယ်။ တကယ်လို့ တူမ စိတ်ဝင်စားမယ်ဆိုရင် ဒီတုန်းက အကြောင်းတွေ ပြန်ပြောပြချင်ပါသေးတယ်။ အခုကိစ္စက ဟိုတုန်းကကိစ္စနဲ့ တခြားစီပါ။ အဓိပ္ပာယ် တစ်မျိုးပါ တူမ"

"ထားပါလေ။ အရီ ဦးမောင်မောင်ဦးနဲ့ ဘယ်လိုလုပ်ပြီး တွေ့ရမှာလဲဟင်"

"ဒါကလည်း မခဲယဉ်းပါဘူး။ သူအခု ဆေးရုံမှာ"

"ဆေးရုံမှာ"

"ဟုတ်တယ်။ အဆုတ်နာကုဆေးရုံမှာ"

"အခြေအနေက အတော်စိုးရိမ်နေရသလားဟင်"

"စိုးရိမ်ရလို့သာ တူမကို ဖုန်းဆက်အကြောင်းကြားရတာပေါ့ကွယ်"

တစ်ဖက်မှ အတော်ချည်းကြာသည်အထိ အသံထွက်မလာ။ ကိုကျော့မောင်သည်လည်း စကားမပြောဖြစ်ဘဲ စကားပြောခွက်ကို ကိုင်ထားမိသည်။

တစ်ဖက်မှ စကားသံပေါ်မလာခင် သက်ပြင်းရှိုက်သံကို အလျှင်ကြားရသည်။

ပြီးမှ စကားသံ ပေါ်လာသည်။

"ဦးမောင်မောင်ဦးနဲ့တွေ့ဖို့ ဘယ်လိုစီစဉ်ရမလဲ ဟင်"

သည်စကားကို ကြားရလေလျှင် ကိုကျော့မောင် ဝမ်းသာလာသည်။ အားတက်လာသည်။

"ပထမ တူမနဲ့ ဦးလေးနဲ့ အရင်တွေ့ရအောင်။ ပြီးတော့မှ သူ့ဆီကို အတူတူသွားကြတာပေါ့။ တူမကို ဘယ်လိုလုပ် တွေ့ရမလဲဟင်"

နန်းကိန္နရီသည် အတန်ကြာအောင် စဉ်းစားနေပုံရသည်။ ရုတ်တရက် အဖြေမပေး။

ပြီးမှ ...

**ဆက်လက်ဖော်ပြပါမည်။**

❝ကိုကျော့မောင်ကိုယ်တိုင်ပင် နန်းကိန္နရီအား ကိုမောင်မောင်ဦး၏သမီး၊ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့၏ ရင်သွေးအဖြစ် မှတ်ထင်ထားမိသည်။ သည်အတိုင်းဆိုပါက နန်းကိန္နရီသည်လည်း ကိုမောင်မောင်ဦးအား မြင်တွေ့ချင်မည်အမှန်။ သည်မိန်းကလေးသည် ကိုမောင်မောင်ဦးအား စိမ်းကားလိမ့်မည်မဟုတ်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် အကူအညီလည်း ပေးနိုင်လိမ့်မည် ထင်သည်။ နောက်တစ်ခုမှာ နန်းကိန္နရီမှတစ်ဆင့် ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ ပြန်လည် . . .❞

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

# ဘန်လေအသင်းက မန်စီးတီးအသင်းခေါင်းဆောင်ဟောင်း ဗင်းဆင့်ကွန်ပနီအား အသင်းနည်းပြအဖြစ် ခန့်အပ်

ဘန်လေအသင်းဟာ မန်စီးတီးအသင်း ခေါင်းဆောင်ဟောင်း ဗင်းဆင့်ကွန်ပနီကို အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၃၆ နှစ်အရွယ် ဘယ်လ်ဂျီယံ နောက်တန်းကစားသမားဟောင်း ကွန်ပနီဟာ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ် အသင်းနည်းပြအဖြစ် နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။



### နည်းပြအဖြစ်ခန့်အပ်

ဘန်လေအသင်းဟာ ဧပြီလအတွင်းက နည်းပြဆီယန်ဒိုက်ချ်ကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ကာ ဆီယန်ဒိုက်ချ်နေရာမှာ မိုက်ဂျက်ဆင်ကို ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပေမယ့် မိုက်ဂျက်ဆင်ဟာလည်း ဘန်လေအသင်းကို ပရီမီယာလိဂ်ကနေ တန်းဆင်းမယ့် အန္တရာယ်ကနေ မကယ်တင်နိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ဗင်းဆင့်ကွန်ပနီကို နည်းပြအဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

ကွန်ပနီဟာ မန်စီးတီးအသင်းရဲ့ နောက်တန်းကစားသမား တစ်ဦးအနေနဲ့ ၁၁ နှစ်ကြာ ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ချန်ပီယံဆုဖလား လေးကြိမ်အပါအဝင် အဓိကဆုဖလား ၁၀ လုံးအထိ ရယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းဟာ ကွန်ပနီကို နည်းပြအဖြစ် ခန့်အပ်ခဲ့ပေမယ့် ကွန်ပနီရဲ့ စာချုပ်သက်တမ်းနဲ့ ပတ်သက်ပြီး အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။ ကွန်ပနီဟာ ကစားသမားဘဝကနေ အနားယူပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှာ အန်ဒါလက်ချ် အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ကာ အန်ဒါလက်ချ်အသင်းနည်းပြဘဝမှာ ပွဲစဉ်စုစုပေါင်း ၉၀ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၄၁ ပွဲနိုင်၊ ၁၉ ပွဲရှုံး၊ ပွဲ ၃၀ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၁၄၅၊ မြေကွက်တည်နေရာအမှတ်(၁၄၅)၊ (၇၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဦးကိုကိုကြီး(-)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးကိုကိုကြီး (၁၂/သကတ(နိုင်)၀၅၀၈၁၀)ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဌေးမောင် [၉/ကပတ(နိုင်)၁၅၁၇၂၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၅/၅၅၇/၂၀၂၁ (၁၂-၅-၂၀၂၁) တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ်ပျဉ်ထောင် (၁) လုံးရှိပြီး လျှောက်ထားသူ၏ဝန်ထမ်းများနေထိုင်ခြင်းနှင့်ပတ်သက်၍ ဝင်စာအမှတ်-၃၀၅၄ (၁၂-၁၀-၂၀၂၁)ဖြင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း လျှောက်ထားသူမှ ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ဖြစ်ပါ၍ ဦးဌေးမောင်မှ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### သတ်မှတ်ရက်အတွင်းအခွန်ထမ်းမှတ်ပုံတင်အမှတ်လျှောက်ထားကြရန်အသိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၁-၄-၂၀၂၂ ရက်နေ့မတိုင်မီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ်သတ်မှတ်ခြင်းမပြုရသေးသည့် ပုဂ္ဂိုလ်စု/ အဖွဲ့အစည်းများဖြစ်ပါက ၃၀-၆-၂၀၂၂ ရက်နေ့ နောက်ဆုံးထားလျှောက်ထားကြရန်နှင့် ၁-၄-၂၀၂၂ ရက်နေ့မှစ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသည့်ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများဖြစ်ပါက မှတ်ပုံတင်ပြီးသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း နောက်ဆုံးထားလျှောက်ထားကြရန် ၆-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများတွင်လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website တွင်လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer's Identification Number- TIN) ရရှိပြီးသည့်အခွန်ထမ်းကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် အခွန်ပေးဆောင်ခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်းအစရှိသော ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မှုများပြုလုပ်ရာတွင်လည်းကောင်း၊ ငွေပေးချေမှုများဆောင်ရွက်ခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရာတွင်လည်းကောင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို မပျက်မကွက် အသုံးပြုရမည်ဖြစ်ကြောင်းကိုလည်း အသိပေးထားပြီးဖြစ်ပါသည်။

၃။ အခွန်ထမ်းမှတ်ပုံတင်အမှတ်လျှောက်ထားပါက **အခွန်ထမ်းမှတ်ပုံတင်အမှတ်၊ ဆက်သွယ်ဆောင်ရွက်ရမည့် အခွန်ရုံးတို့ ဖော်ပြပါရှိသည့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ်ကို လက်ခံရရှိမည်**ဖြစ်ပါသည်။ အခွန်ထမ်းကုမ္ပဏီအနေဖြင့် အဆိုပါ အခွန်ထမ်းမှတ်ပုံတင်အမှတ်ကိုအသုံးပြုကာ သက်ဆိုင်ရာအခွန်ရုံး၌ လစဉ်ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းခြင်း၊ ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်း၊ သုံးလပတ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းခြင်း၊ အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းဖြစ်ပါက သုံးလတစ်ကြိမ် အထူးကုန်စည်ခွန်ကြေညာလွှာတင်သွင်းခြင်း၊ နှစ်ချုပ်ကြေညာလွှာတင်သွင်းခြင်း၊ ကုမ္ပဏီဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးသွင်းခြင်း၊ Withholding Tax နုတ်ယူပေးသွင်းခြင်း၊ အခွန်ကင်းလွတ်ခွင့်လျှောက်ထားခြင်း၊ အခွန်ပြန်အမ်းငွေတောင်းခံထုတ်ယူခြင်းစသည့် အခွန်ဆိုင်ရာလုပ်ငန်းစဉ်များကို လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ MIC ကင်းလွတ်ခွင့်ကဲ့သို့သော အခွန်ကင်းလွတ်ခွင့်ခံစားနေသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့်လည်း အခွန်ကင်းလွတ်ခွင့်ခံစားနေသည့်ကာလများတွင် Withholding Tax နုတ်ယူပေးသွင်းခြင်း၊ အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့် ကုမ္ပဏီဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်တို့ကိုမပျက်မကွက်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် **အခွန်ထမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို သတ်မှတ်ရက်အတွင်း အလေးထားဆောင်ရွက်ကြပါရန်** အသိပေးနှိုးဆော်အပ်ပါသည်။

၅။ အခွန်ထမ်းမှတ်ပုံတင်အမှတ်လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ **https://www.ird.gov.mm/sites/default/files/TIN_Registration_Pamphlet_Amended.pdf** တွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ **https://www.dica.gov.mm/ mm/publications** တွင်လည်းကောင်း ဝင်ရောက်လေ့လာနိုင်ပါသည်။ အခွန်ဆိုင်ရာသိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်- ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၂၂၊၀၆၇-၃၄၃၀၅၃၃၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်း သုံးပွဲစလုံး အရေးနိမ့်

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (စ) နောက်ဆုံးနေ့အဖြစ် မြန်မာနှင့် စင်ကာပူအသင်းတို့ ဇွန် ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနှင့် စင်ကာပူအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် နိုင်ပွဲရရန် ကြိုးပမ်းခဲ့ပြီး စင်ကာပူအသင်းက ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက တွေ့ဆုံခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းကို သုံးဂိုးပြတ်သာ အနိုင်ရခဲ့သော်လည်း ယခုပွဲတွင်မူ ဂိုးဒါဇင်ဝက်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် စင်ကာပူအသင်းနှင့် တွေ့ဆုံသော်လည်း ယခင်နှစ်ပွဲကဲ့သို့ပင် ခံစစ်ကစားသမား ငါးယောက်ပါဝင်သည့် ၅-၄-၁ ပုံစံဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် ကာဂျစ္စတန်နှင့်ပွဲတွင် ခံစစ်ကစားပုံကောင်းမွန်ခဲ့သော်လည်း ယခုပွဲတွင် အမှားများခဲ့ပြီး ပေးဂိုးလည်းများခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ငြိမ်းချမ်း၊ ဇော်ရဲထွန်း၊ ဝင်းမိုးကျော်၊ ကျော်ဇင်လွင်၊ ရဲမင်းသူ၊ လှိုင်းဘိုဘို၊ အောင်ကောင်းမာန်၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ ဆွမ်လမန်တို့ဖြင့် ပွဲထွက်ခဲ့သည်။

စင်ကာပူအသင်းသည် ပွဲအစ ကိုးမိနစ်မှာပင် အဖွင့်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဖန်ဒီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း စင်ကာပူအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၁၆ မိနစ်တွင် ဆောင်အီယောင်၊ ၄၃ မိနစ်တွင် ကွတ်ဂျန်ယီတို့က အဝေးကန်ချက်များဖြင့် စင်ကာပူအသင်းအတွက် ဂိုးများထပ်မံသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ချေပဂိုးနှစ်ဂိုးပြန်သွင်းနိုင်သော်လည်း ဂိုးရပြီးတိုင်း ချက်ချင်းဂိုးပြန်ပေးရသဖြင့် ချေပဂိုးများ ထပ်မံသွင်းယူနိုင်ရန် ခက်ခဲသွားခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၅၃ မိနစ်တွင် ဝင်းနိုင်ထွန်းနှင့် ၆၅ မိနစ်တွင် အောင်ကောင်းမာန်တို့က သွင်းယူခဲ့ပြီး စင်ကာပူအသင်းအတွက် အနိုင်ဂိုးများကို ၅၄၊ ၆၉ မိနစ်တွင် ဖန်ဒီ၊ မိနစ် ၉၀ တွင် မိုဟာမက်ဟာဇက်ဇ်တို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များတွင် သုံးပွဲစလုံး အရေးနိမ့်ကာ ရမှတ်မရရှိဘဲ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။

**ကိုညီလေး**

# MNL-2 ပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ယခုနှစ်အတွင်း ကျင်းပမည်

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MNL အမှတ်ပေးပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီးနောက် MNL-2 ပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲကိုလည်း ယခုနှစ်အတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် MNL-2 (ပထမတန်း) ပြိုင်ပွဲကို ဩဂုတ်လပထမပတ်မှ နိုဝင်ဘာလ ဒုတိယပတ်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲကိုကျင်းပမည့်ရက် မသတ်မှတ်ရသေးသော်လည်း ယခုနှစ်အတွင်း ပြန်လည်ကျင်းပမည်ဖြစ်သည်။ MNL-2 ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ရာသီတွင် ပထမအကျော့အပြီး ဖျက်သိမ်းခဲ့ရသလို ၂၀၂၁ ခုနှစ်တွင်လည်း ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်မှ ပြန်လည်ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့်လျာထားကာလကိုသာ ထုတ်ပြန်ထားပြီး ပြိုင်ပွဲဝင်အသင်းများကို ထုတ်ပြန်ခြင်းမရှိသေးပေ။ အမျိုးသမီးလိဂ်ပြိုင်ပွဲကိုမူ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့သော်လည်း သုံးရာသီကျင်းပပြီးနောက် ရပ်နားထားရခြင်းဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီ ကျင်းပပြီးနောက် ရပ်နားထားခြင်းဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် သုံးကြိမ်တွင် မြဝတီအသင်းက နှစ်ကြိမ်၊ အား/ကာ သိပ္ပံအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

MNL-2 ပြိုင်ပွဲနှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲများကို ယခုနှစ်အတွင်း ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

# မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းအထိ ရောက်ရှိ

မန္တလေး ဇွန် ၁၄

မန္တလေး ဈေးကွက်အတွင်း မြန်မာထွက်ကုန် ဖြစ်သော ကြက်သွန်နီ ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းအထိ ရောက်ရှိကာ ဈေးကောင်း ရရှိနေကြောင်း မန္တလေးမြို့ ကြက်သွန်ကုန်သည်များထံမှ သိရသည်။



### လှိုင်လှိုင်ဝင်ရောက်လာ

အဆိုပါ မြန်မာထွက်ကုန် နွေကြက်သွန်များသည် ဈေးကွက်အတွင်းသို့ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ မိတ္ထီလာ စသဖြင့်နေရာဒေသများမှ လှိုင်လှိုင်ဝင်ရောက် လာကြောင်း၊ ကြက်သွန်ဈေးမှာ ပြီးခဲ့သည့်နှစ်ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ သာရရှိခဲ့သော်လည်း၊ ယနေ့ လက်ရှိအချိန် ကြက်သွန်ဈေးမှာ ပွဲရုံအထိုင်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးအထိ ရောက်ရှိကာ ဈေးကောင်း ရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ယခုနှစ်ကြက်သွန်ရာသီမှာ မန္တလေးဈေးကွက်ထဲကို နွေကြက်သွန်တွေ လှိုင်လှိုင်ဝင်ရောက်နေပြီး ဈေးကောင်းရရှိနေပါတယ်။ ကြက်သွန်အထွက်နှုန်းကလည်း ဒီနှစ်ကောင်းပါတယ်။ ကြက်သွန်နီဈေးနှုန်းတွေ မြင့်တက်လာတာက တော့ ဘင်္ဂလားဒေ့ရှ်တို့လို ပြည်ပနိုင်ငံမျိုးတွေရဲ့ ပုံမှန်ဝယ်ယူမှုတွေလည်းရှိနေတယ်။ ပြည်တွင်းစားသုံးမှုတွေလည်း ရှိတယ်။ ဝယ်ယူသိုလှောင်တဲ့သူတွေလည်း ရှိနေတယ်။ ကြက်သွန်ဟာ ပြီးခဲ့တဲ့နှစ်က ဝယ်သူမရှိသလောက်ဖြစ်ပြီး မနှုတ်ဘဲနဲ့ ပစ်ထားရတဲ့အနေအထားရှိခဲ့တယ်။ ဒီနှစ်မှာ ကြက်သွန် ဈေးတက်တာကြောင့် တောင်သူတွေအဖို့ တွက်ခြေကိုက်တဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ခုချိန်က လှိုင်လှိုင်ထွက်တဲ့ အချိန်ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ကြက်သွန်သည် မြန်မာပြည်တွင်း၌ စားသုံးမှုဖူလုံရုံသာမကဘဲ ပြည်ပနိုင်ငံများသို့လည်း တင်ပို့နေရကြောင်း၊ ကြက်သွန်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး အညာဒေသများတွင် သဲချောင်းနေရာများ၌ အဓိကထားစိုက်ပျိုးမှုများရှိသကဲ့သို့ မြစ်ကမ်းနံဘေးများတွင်လည်း ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**-** **ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**-** **တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**-** **အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပသတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၆)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

ယနေ့ ဖတ်စရာ

**မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်**

စာမျက်နှာ » ၁၅